ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (17-5-2009) (၆၀၄၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နော်ဝေးနိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၀၉ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နော်ဝေးနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေလီ (၁) ရေအားလျှပ်စစ်စက်ရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ မြင့်မားလာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ပြင်းပြင်းထန်ထန် ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းဖြစ် လောလောဆယ်ကြုံတွေ့နေရသည့် မပြည့်စုံမှုများကို ပြည့်စုံအောင်ကြိုးပမ်းရာ၌ အခက်အခဲများကို ကျော်လွှားရမြဲဖြစ်သော်လည်း အနာဂတ်နှင့်ယှဉ်ပြီး ပြောရမည်ဆိုလျှင် နိုင်ငံတော်၏အနာဂတ်တွင် လျှပ်စစ်ဓာတ်အားများဖြင့် ထွန်းလင်းနေမှာသေချာနေ “လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်အံ့” ဆိုသော တစ်ချိန်တစ်ခါကကြွေးကြော်သံ လက်တွေ့အကောင်အထည် ပေါ်လာတော့မည်

နေပြည်တော် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော်ပြီးစီးသွားသည့် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူဆယ်ခရိုင်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အထူးဖိတ်ကြားထားသူများနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များတက်ရောက်ကြသည်။



ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယနေ့သည် ရွှေလီမြစ်ပေါ်၌ တည်ဆောက်မည့် ရေအားလျှပ်စစ် စီမံကိန်းများအနက် ပထမဆုံးတည်ဆောက်ပြီးစီးသည့် ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

စာမျက်နှာ ၇ကော်လံ ၁သို့ ☆

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အနီးရှိ ရွှေလီ(၁) ရေအားလျှပ်စစ် စက်ရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၁၇-၅-၂၀၀၉
(တနင်္ဂနွေနေ့)

အရည်အသွေးကောင်း အထွက်တိုးစပါးမျိုးများ စိုက်ပျိုး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်မြှင့်တင်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်လျက်ရှိသည်။ လယ်ယာကဏ္ဍမှသီးနှံများ တိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့် အမျှ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်မည် ဖြစ်သည်။

နိုင်ငံတော်အပိုင်းက စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရေးအတွက် စပါးစိုက်ဧကများ တိုးချဲ့ဖော်ထုတ်ခဲ့ရာ စပါးစိုက်ဧကပေါင်း သန်း ၂၀ ကျော်ရှိသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးပေါင်း ၃၅၈ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ခု တို့ကို ဖြန့်ကြက်တည်ဆောက်ပေးမှုကြောင့် ဆည်ရေသောက် စိုက်ပျိုးမြေဧက ငါးသန်းကျော်အထိ တိုးတက်လာသည်ကို တွေ့ရသည်။

ယင်းသို့သော အခြေအနေကောင်းများကြောင့် ဆန်စပါးတစ်မျိုးတည်းပင် အထွက်တင်းသန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိနေပြီ ဖြစ်သည်။ စပါးမျိုးကောင်းမျိုးသန့်များ လဲလှယ်စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ မှန်မှန်သုံးစွဲခြင်း၊ ရိတ်သိမ်း၊ ခြွေလှေ့ ကြိတ်ခွဲသိုလှောင်မှုများ စနစ်ကျနခြင်းတို့ဖြင့် စပါးအထွက် ဆက်လက်တိုးတက်လာမည် ဖြစ်သည်။

ဆန်စပါးထုတ်လုပ်မှုမှာ နိုင်ငံလူဦးရေနှင့် စားသုံးမှုအခြေအနေအရ ဖူလုံပိုလျှံနေသဖြင့် ဆန်စပါးအပါအဝင် အခြားသီးနှံများကိုလည်း ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဆန်အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး၊ ရရှိပြီးဈေးကွက်များခိုင်မြဲရေး၊ ဈေးကွက်သစ်များ တိုးချဲ့ရှာဖွေရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကို ပုဂ္ဂလိကများ လွတ်လပ်စွာလုပ်ကိုင်နိုင်လျက်ရှိရာ နိုင်ငံတော်အစိုးရ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိသည်။ စိုက်ပျိုးရေနှင့် စိုက်ပျိုးရေးနည်းပညာသစ်များ၊ လယ်ယာသုံးစက်ကိရိယာများအသုံးပြုရေး ပံ့ပိုးကူညီလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် တင်ပို့ရောင်းချသူများအားလုံးက အရည်အသွေးကောင်း၊ အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး ဟန်ချက်ညီညီ အားထုတ်ကြိုးပမ်းကြခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်၁၁နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ယာဉ်စည်းကမ်း/လမ်းစည်းကမ်း ထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တက္ကသိုလ် ကြို/ပို့ယာဉ်များဆိုင်ရာကိစ္စ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ပြင်ညောင်တံတားစစ်ဆေး

နေပြည်တော် မေ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် မေ ၁၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် ခရိုင်အင်ဂျင်နီယာမှူးများ၊ မြို့နယ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ အင်ဂျင်နီယာမှူးကြီးနှင့် ခရိုင်အင်ဂျင်နီယာမှူးများက ရှမ်းပြည်နယ်အတွင်းရှိ လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာ-တောင်ကြီးအပိုင်းအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသည့် သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းတိုးတက်ပြုပြင်နေမှုများကို တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် တံတားအမှတ် (၆/၄၄) ပြင်ညောင်တံတားသို့ရောက်ရှိပြီး တံတားကြံ့ခိုင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း မိတ္ထီလာ-တောင်ကြီးလမ်းပေါ်ရှိ ပြင်ညောင်တံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ သတ္တမနှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၏ သတ္တမနှစ်ပတ်လည် အစည်းအဝေးကို မေ ၂၂၊ ၂၃ ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရန် စီစဉ်ထားပြီးဖြစ်ရာ ပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်အဖွဲ့ဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သိရှိလိုသည့်အချက်အလက်များရှိပါက ပညာရှင်အဖွဲ့ရုံး ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၁၄၁၅၊ ၆၅၁၄၁၆၊ ၆၆၅၅၇၉၊ ၆၆၅၅၈၀ နှင့် နေပြည်တော်ဖုန်း-၀၆၇-၄၁၀၁၁၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျွန်းနှင့် သစ်မာ စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၆

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ၂၀၀၉-၂၀၁၀ ခုနှစ်၊ ကျေးလက်အိမ်ရာ တည်ထောင်ရေး တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧက တည်ထောင်စိုက်ပျိုးရေးအတွက် တာဝန်ပေးအပ်ပွဲနှင့် ပညာပေးဟောပြောပွဲကို မေ ၇ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း)၊ ပြည်ခရိုင် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ပြည်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းကသစ်တောဆိုင်ရာ လုပ်ငန်းများအကြောင်းကိုလည်းကောင်း **(အောက်ပုံ)**၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းထွန်းဦးက စိုက်ပျိုးရမည့်နည်းစနစ်နှင့် လုပ်ငန်းစဉ်များအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ကျေးရွာအုပ်စုတစ်ခုချင်းစီသို့စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာများပေးအပ်သည်။

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၀၉ - ၂၀၁၀ ခုနှစ်အတွင်း ကျေးရွာအုပ်စု (၁၇)စုရှိ အိမ်ထောင်စုပေါင်း (၇၄၀၁)စုတွင် အဆိုပါလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် သက်ဆိုင်ရာ အုပ်စုများနှင့် ညှိနှိုင်းစီစဉ်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့်အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အစည်းအဝေး ၈/၂၀၀၉ ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ယင်းနောက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အသီးသီးမှ တာဝန်ရှိသူတို့က မိမိတို့ လုပ်ငန်းကော်မတီအလိုက်ဆောင်ရွက်ထားမှု၊ ပြီးစီးမှု၊တိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်က ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၄ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ ဘုရားကုန်း ငြိမ်းချမ်းရေးအထူးဒေသ ငြိမ်းချမ်းရေးခန်းမဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဖဒို ဦးအောင်ဆန်း ဦးဆောင်သည့် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကြပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးဒေသသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အခြေခံအဆောက်အအုံများကို အခြားဒေသများနည်းတူ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးကောင်စီ အဖွဲ့ဝင်များအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ အာလူး၊ ကြက်သွန်နီ၊ ငါးပိ၊စောင် စသည့် လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးကောင်စီ၏ ရော်ဘာပြုစု ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ထို့ကော်ကိုးဒေသ ဆေးပေးခန်းနှင့် သားဖွားခန်းတို့ကိုလည်းကောင်း၊ ဝင်းသူဇာအရောင်းဆိုင်၊ အမျိုးသမီးရေးရာ အရောင်းဆိုင်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ထို့ကော်ကိုးဒေသရှိ အမျိုးသမီး အိမ်တွင်းသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သင်တန်းကျောင်းအဆောက်အအုံ၊ ခန်းမဆောင်နှင့် အိပ်ဆောင်များ ဆောက်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ထို့ကော်ကိုးအခြေခံပညာအလယ်တန်းကျောင်းခွဲသို့ ရောက်ရှိကာအားကစားနှင့် ကာယပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် နဘူးတပ်နယ်သို့ ရောက်ရှိပြီး တပ်ရင်း စုပေါင်းခန်းမ၌ တပ်နယ်ရှိ တပ်နယ်မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် အဖွဲ့ဝင်များသည် နတ်ကျွန်းကျေးရွာ နောင်ပတုတ်အင်းသို့ ရောက်ရှိကြပြီး အင်းပြန်လည်မြှင့်တင်ခြင်းနှင့် လယ်ယာမြေ ဖော်ထုတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ထို့ကော်ကိုးဒေသရှိ ငြိမ်းချမ်းရေးကောင်စီ၏ ရော်ဘာပြုစုပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၇။ မြန်မာ့မီးရထား လမ်းသစ်ပွား တိုင်းပြည်အကျိုးများ
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ **"မနိုင်သောအရှုံး" (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁း၄၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ " အားကိုးချစ်သူ ကျေးတောသူ" (အပိုင်း-၄၆)**
- ၁၂း၃၀ ၅။ Golf Magazine(TV)
- ၁း၀၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း " လင်းနီ" (နိုင်းနိုင်း၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-ကိုလွင်(စန္ဒီးဝိုက်)]**
- ၂း၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၄၅ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၅၀ ၁။ Myanmar National League MNL-Cup(2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar F.C နှင့် ရတနာပုံ F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၀ ၄။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၅။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
- ၆း၅၅ ၆။ **တစ်မျက်နှာတစ်ကွက်စာ "အကျင့်ပါနေလို့" (ချာလီ၊ ရာဇာပေါက်စီ၊ အိတုန်) (ဒါရိုက်တာ-ထင်ထင်)**
- ၇း၁၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သက်ထား" (အပိုင်း-၁၄)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **ကာတွန်းအစီအစဉ် "ဒိုင်နိုဆောမိသားစု စွန့်စားခန်း" (အပိုင်း-၈)**
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကျေးဇူးတင်ပါတယ်" (အပိုင်း-၁၁)**
- ၁၃။ အစီအစဉ်ပြီး၏။

ကမ္ဘာ့သွေးတိုးရောဂါနေ့
၂၀၀၉ ခုနှစ်၊ မေလ (၁၇)ရက်နေ့

Salt & High BP: 2 Silent Killers

အငန်နှင့် သွေးတိုး၊ အသံတိတ် လူသတ်သမားနှစ်မျိုး

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖ နိုင်ငံတော်တပ်ဦးဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖ နိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား မေ ၁၄ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး အစည်းအဝေးခန်းမသို့လာရောက်၍ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအောင်သိန်းလင်း၊ ဦးသန်းဌေးနှင့် ဦးမောင်ပါ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အဖ နိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကုန်းဖုန် နှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူတို့နှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် နှစ်နိုင်ငံ အဖွဲ့အစည်းများအတွင်း အပြန်အလှန်ဆက်သွယ်မှုတိုးမြှင့်ခြင်းဖြင့် ပိုမိုချစ်ကြည်ရင်းနှီးမှုဖြစ်ထွန်းစေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖ နိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam က အဖနိုင်ငံတော်တပ်ဦး (VFF)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဆောင်ရွက်ချက်များသည် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံအဖွဲ့အစည်းများ အစဉ် ပိုမိုချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဧည့်သည်တော် အဖနိုင်ငံတော်တပ်ဦးဥက္ကဋ္ဌ H.E. Mr.Huynh Dam တို့သည် အမှတ်တရ အထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E .Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

မစ်ဆူရီတွင် မုန်တိုင်းတိုက်၊ သုံးဦးသေ

ကတ်(စ်)ဗဲလ်လီ မေ ၁၅

အမေရိကန်ပြည်ထောင်စုအနောက်ပိုင်း ပြည်နယ်လေးခုတွင် မုန်တိုင်းပြင်းထန်စွာ တိုက်ခတ်သွားရာ မစ်ဆူရီပြည်နယ်မြောက်ပိုင်းတွင် သုံးဦးသေဆုံးကြောင်း၊ အိုးအိမ် ဒါဇင်ပေါင်းများစွာပျက်စီးပြီး လျှပ်စစ်ဓာတ်အားလိုင်းများပြတ်တောက်သွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ မေ ၁၃ရက်ညက ကတ်(စ်)ဗဲလ်လီသည် မုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံရသည်။ အိမ်လုံးရေ ၃၀၊ ၄၀ခန့်နှင့် ကားများ ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ ရှန်းစီလီယံက ပြောကြားသည်။

စီလီဗန်ခရိုင် မီလန်အရှေ့ပိုင်းရှိ ရွှေ့ပြောင်းအိမ်ကို တိုနေးဒိုးမွှေနှောက်သဖြင့် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း စီလီဗန်အရေးပေါ်စီမံ ခန့်ခွဲမှုညွှန်ကြားရေးမှူးရစ်ဘတ်နာက ပြောကြားသည်။

အေဒိုင်ယာခရိုင်တွင်လည်း လူနှစ်ဦးသေဆုံးကြောင်း အမည်နာမကို ထုတ်ဖော်ပြောကြားခြင်းမပြုသေးကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အက်ဒိုခရိုင်အကျဉ်းထောင်တွင်မုန်တိုင်းကြောင့် ဓာတ်ငွေ့ပိုက်လိုင်းပေါက်သွားရာ အကျဉ်းသား ဒါဇင်ပေါင်းများစွာကို ကယ်တင်ခဲ့ရကြောင်း အက်ဒိုခရိုင်အရေးပေါ်စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူး လာရီမက်(စ်)ဒါဗီက ပြောကြားသည်။

အိုကလာဟိုးမားအရှေ့မြောက်ပိုင်းတွင် တစ်နာရီမိုင် ၁၀၀နှုန်းဖြင့် မုန်တိုင်းတိုက်ခတ်ရာ သစ်ပင်များလဲကျပြီးလျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်သွားကြောင်း အာဏာပိုင်များက ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ ကက်(စ်)ဗဲလ်လီ အရပ်တွင် မုန်တိုင်းတိုက်ခတ်သွားရာ ကျန်ရစ်သောအပျက်အစီးအချို့ကို မေ ၁၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်အာဏာရလေဘာပါတီ လူထုထောက်ခံမှုကျဆင်း

လန်ဒန် မေ ၁၅

ဗြိတိန်နိုင်ငံ၏အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများက မည်ကဲ့သို့မဲပေးပါမည်နည်းဟု စူးစမ်းနေသော "ဆန်း" သတင်းစာအတွက် ယူဂေါ့ဗ်ပြည်သူသဘောထားလေ့လာရေးအဖွဲ့က သုတေသနပြုခဲ့ရာလက်ရှိအာဏာရလေဘာပါတီကို ထောက်ခံသော အရေအတွက်သည် သက် တမ်းတစ်လျှောက် အနိမ့်ဆုံးအဆင့် ၂၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း တွေ့ရှိခဲ့ရသည်။

သောကြာနေ့က အသေးစိတ်ထုတ်ပြန်ခဲ့သောစစ်တမ်းတွင်ကွန်ဆာဗေးတစ်ပါတီက ၄၁ ရာခိုင်နှုန်း၊ ဒုတိယအတိုက်အခံပါတီ လစ်ဘရယ်ဒီမိုကရက်က ၁၉ ရာခိုင်နှုန်းရရှိသည်။

ဤစစ်တမ်းကဲ့သို့သာ မဲပေးကြပါက အဓိက အတိုက်အခံပါတီသည် ၂၀၁၀ ပြည့်နှစ် နှစ်လယ်တွင် ကျင်းပရန်ရှိသော ပါလီမန်ရွေးကောက်ပွဲတွင်အပြတ်အသတ် အနိုင်ရရှိရန် လုံလောက်နေပြီဖြစ်သည်။

ပါလီမန်အဖွဲ့ဝင်များ၏ အသုံးစရိတ်များအပေါ်တွင် အရှက်ရဖွယ်ရာ လူသိရှင်ကြားဖြစ်ခဲ့ပြီးနောက် ရက်ပေါင်းအတန်ကြာတွင် ယူဂေါ့ဗ်အဖွဲ့က အရွယ်ရောက်သူ ၁၈၁၄ ဦးကို နမူနာကောက်၍ သဘောထား မေးမြန်းလေ့လာခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

သီရိလင်္ကာရှိ ကျားသူပုန်တို့ ရက်ပိုင်းအတွင်း ချုပ်ငြိမ်းတော့မည်ဟုဆို

ကိုလံဘို မေ ၁၅

သီရိလင်္ကာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာအောင် ဖြစ်ပွားနေသော ပြည်တွင်းစစ်သည် လာမည့် ၄၈ နာရီအတွင်း ချုပ်ငြိမ်းတော့မည်ဖြစ်ကြောင်း သမ္မတ မဟင်ဒါရာဂျာပက်ဆေးက ပြောကြားသည်။

သီရိလင်္ကာသမ္မတသည် လောလောဆယ်တွင် ဂျော်ဒန်နိုင်ငံသို့ နှစ်ရက်ကြာသွားရောက် လည်ပတ်လျက်ရှိသည်။ ထိုခရီးစဉ်တွင် သမ္မတက အထက်ပါကြေညာချက်ကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း သီရိလင်္ကာ ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးက မေ ၁၅ရက်တွင် ပြောကြားသည်။

တမီလ်ကျားသူပုန်များသည် နိုင်ငံ၏အရှေ့မြောက်ပိုင်း မူလာသီဗူးခရိုင်ရှိ ၃ ဒသမ ၅ စတုရန်း ကီလိုမီတာမျှသာကျယ်ဝန်းသော ကီရာရီမူလီဗာလ်ကားနှင့် မူလီဗာလီကားနယ်များတွင် အဝိုင်းခံထားရသည်။

ထိုအတောအတွင်း ဝိုင်းပတ်ပိတ်ဆို့ထားသည့် အစိုးရတပ်ဖွဲ့များသည် သူပုန်များ ခိုအောင်းနေရာနယ်မြေမှ ပေါက်ကွဲသံကြီး မြည်ဟည်းသွားသည်ကို ကြာသပတေးနေ့ ညနေခြောက်နာရီခွဲခန့်တွင်ကြားရပြီး မီးခိုးမည်းကြီးများ တက်လာသည်ကို တွေ့ကြရသည်ဟုဆိုသည်။

ထိုပေါက်ကွဲသံကြီးကြားရပြီးနောက်ပိုင်း သူပုန်များ၏ဆက်သွယ်ရေးလုပ်ငန်းများ အားလုံးရပ်ဆိုင်းသွားသည်ဟု စစ်ဘက်မှလာသောသတင်းက ဖော်ပြသည်။ အစိုးရတပ်ဖွဲ့များသည် သူပုန်များ၏ နယ်မြေအတွင်း တဖြည်းဖြည်းချင်း ဝင်ရောက်နေသော်လည်း ယခုအချိန်ထိ သူပုန်ထိပ်တန်းခေါင်းဆောင်များမည်သည့်နေရာတွင်ရှိသည်ကို မသိရသေးဘဲရှိသည်။

ကျားသူပုန်တို့ဆင်နွှဲသော ဆယ်စုနှစ်သုံးစုကြာ နယ်မြေခွဲထွက်ရေးစစ်ပွဲကြောင့် ပြည်သူ စုစုပေါင်း ၇၀၀၀၀ကျော် အသက်ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ ***အင်တာနက်။***

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း ကျဉ်းမြောင်းသော နယ်မြေအတွင်း ခိုအောင်းနေသည့် ကျားသူပုန်လက်ကျန်များအား တိုက်ခိုက်နေသော သီရိလင်္ကာတပ်ဖွဲ့များကို မေ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင် သေဆုံး

ကဘူး မေ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ မေ ၁၄ ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ယာဉ်တစ်စီးအား လက်လုပ်ဗုံး (အိုင်အီးဒီ)ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း သောကြာနေ့တွင် နိုင်ငံစုံတပ်ဖွဲ့က ပြောကြားသည်။

သို့သော်သေဆုံးခဲ့သော တပ်ဖွဲ့ဝင်၏ နိုင်ငံနှင့် တိုက်ခိုက်မှုဖြစ်ပွားရာဒေသအား အတိအကျ ဖော်ပြခြင်းမရှိချေ။ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ကနေဒါ၊ ဗြိတိန်၊ အမေရိကန်၊ ဟော်လန်နှင့် ဩစတြေးလျနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေကြကြောင်း သိရသည်။ ***အင်တာနက်။***

ကျန်းမာရေးသတင်းများ

အမေရိကန်အမျိုးသမီးတစ်ဦး A/H1N1 တုပ်ကွေးရောဂါကုသနေစဉ် အဆုတ်ရောဂါကြောင့် သေဆုံး

အရီဇိုးနား မေ ၁၆

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ A/H1N1တုပ်ကွေးရောဂါကုသနေစဉ် ထပ်တိုးလာသော အဆုတ်ရောဂါသစ်ကြောင့်လွန်ခဲ့သောရက်သတ္တပတ်က အသက် (၄၀)ဝန်းကျင်အရွယ်ရှိ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း ကြာသပတေးနေ့တွင် ကျန်းမာရေးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တုပ်ကွေးရောဂါသစ်ဖြစ်ပွားမှုကြောင့် သေဆုံးမှုမှာ အရီဇိုးနားပြည်နယ်တွင် ပထမဆုံးဖြစ်ပြီး အမေရိကန်နိုင်ငံအနေဖြင့် စတုတ္ထမြောက်ဖြစ်ကြောင်း ၎င်းဌာနက ပြောကြားသည်။ A/H1N1 တုပ်ကွေးရောဂါကြောင့် မက္ကဆီကိုနိုင်ငံတွင် လူပေါင်း ၆၅ ဦးသေဆုံးခဲ့ပြီး နိုင်ငံပေါင်း ၃၃ နိုင်ငံတွင် လူပေါင်း ၆၅၀၀ နီးပါး ယင်းရောဂါ ကူးစက်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တုပ်ကွေးရောဂါကာကွယ်ဆေးထုတ်လုပ်ရန် ဆွေးနွေး

လန်ဒန် မေ ၁၆

ကမ္ဘာတစ်ဝန်းလုံးတွင် A/H1N1တုပ်ကွေးရောဂါ ကူးစက် ခံရသူ ၆၅၀၀ ရှိနေချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများသည် ရောဂါကာကွယ်ဆေးထုတ်လုပ်သူများ၊ အခြား ကျွမ်းကျင်ပညာရှင်များဖြင့် ဗိုင်းရပ်စ်ပိုးကို နှိမ်နင်းရေးအတွက် ကာကွယ်ဆေးထုတ်လုပ်ရန် ဂျီနီဗာမြို့တွင် ကြာသပတေးနေ့၌ ဆွေးနွေးလျက်ရှိသည်။

အစည်းအဝေးတွင် မည်သည့်ပမာဏအထိ ထုတ်လုပ်မည်၊ မည်ကဲ့သို့ဖြန့်ချိမည်၊ မည်သူတို့ကို ပေးဝေမည်စသည်ကဲ့သို့သော အရေးကြီးသည့် မေးခွန်းများကို ဆွေးနွေးကြသည်။ ကျွမ်းကျင်သူများအုပ်စုက ထောက်ခံသော ဆုံးဖြတ်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်းက အတည်ပြုပေးမည်ဖြစ်သည်။

ကာကွယ်ဆေးထုတ်လုပ်သူများနှင့် နောက်သီတင်းပတ် တွင် ကျင်းပမည့် ကမ္ဘာ့ကျန်းမာရေး ညီလာခံတွင် ၎င်းက အကြံဉာဏ်များ တင်ပြမည်ဖြစ်သည်။ ***အင်တာနက်။***

အီဂျစ်သင်္ဘောကို ပင်လယ်ဓားပြများလက်မှ တောင်ကိုရီးယားရေတပ်က ကယ်တင်

ဆိုးလ် မေ ၁၆

ဆိုမာလီနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ဓားပြများ၏ အန္တရာယ်ပြုခြင်းခံနေရသော အီဂျစ်နိုင်ငံ သင်္ဘောကို တောင်ကိုးရီးယားရေတပ်မှ ဖျက်သင်္ဘောတစ်စင်းက ကယ်တင်ခဲ့ရကြောင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာ သတင်းက မေ ၁၅ တွင် ဖော်ပြသည်။အီဂျစ်သင်္ဘောအနီးသို့ ပင်လယ်ဓားပြ စီးနင်းလာသည်ဟု ယူဆရသော မော်တော်ငယ်တစ်စင်း ချဉ်းကပ်လာရာ သင်္ဘောနှင့် ၁ ဒသမ ၂ မိုင်အကွာသို့ပင် ရောက်ရှိနေသည်။ထိုအချိန်အတွင်း တောင်ကိုရီးယားစစ်သင်္ဘောမှ လက်ဖြောင့် တပ်ဖွဲ့များ ပါဝင်သော ရဟတ်ယာဉ်သည် အခင်းဖြစ်ပွားရာ နေရာသို့ ရောက်ရှိလာသည်။

ထိုအဖြစ်အပျက်မှာ မေ ၁၃ ရက် ညပိုင်းက ဖြစ်ပွားခြင်းဖြစ်သည်။ တောင်ကိုရီးယားရေတပ်သင်္ဘောက ပူးပေါင်းရေတပ်ဖွဲ့သို့ အခြေအနေကို အကြောင်းကြားပြီးနောက်ပိုင်းတွင် အမေရိကန်ရေတပ်စစ်သင်္ဘောလည်း ပင်လယ်ဓားပြများနောက်သို့ လိုက်ရာ၌ ပါဝင်ခဲ့ကြောင်း သိရသည်။ တောင်ကိုရီးယားရေတပ်သည် ပင်လယ်ဓားပြများကို နှိမ်နင်းရန်အတွက် ဧပြီလအတွင်းက ဖျက်သင်္ဘောတစ်စင်းကို အေဒင်ပင်လယ်ဒေသသို့ စေလွှတ်ခဲ့သည်။ ယင်းတာဝန်သည် ပြည်ပနိုင်ငံရေပြင်တွင် ပထမဆုံး ထမ်းဆောင်သည့် တောင်ကိုရီးယား ရေတပ်လုပ်ငန်းတစ်ခုပင် ဖြစ်သည်။

ဘေးအန္တရာယ် သတင်း

ဆိုမာလီနိုင်ငံ ကမ်းလွန်ရေပြင်တွင် ပင်လယ်ဓားပြရန် နှိမ်နင်းနေသည့် ရေတပ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အာဖဂန် မိန်းကလေးကျောင်းတွင် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရ

ကဘူး မေ ၁၅

မေလ၁၃ရက်က အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကဘူးမြို့မှ ကီလိုမီတာ ၈၀ ကွာဝေးသော ကာပီဆာပြည်နယ်ရှိ မိန်းကလေးကျောင်းတစ်ကျောင်းတွင် ဆရာမများနှင့် ကျောင်းသူများသည် ထူးခြားသောဝေဒနာများပြင်းထန်စွာခံစားခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် အာဖက်ဗာရစ်ရာဟက်က ပြောကြားသည်။

အာဖဂန်နိုင်ငံ ခို့စ်ဟာစ်စတန်ခရိုင်၊ ကာပီဆာပြည်နယ်ရှိ ကွာဇက်မိန်းကလေးကျောင်းတစ်ကျောင်းတွင် မေ ၁၃ ရက် နံနက်ပိုင်းက ကျောင်းသူ ၉၀နှင့် ဆရာမ ခုနစ်ဦးသည် အဆိပ်ဓာတ်ငွေ့ကို ရှူရှိုက်မိသည်ဟု ယူဆရကြောင်း ယင်းသို့ ရှူရှိုက်မိသည့်အတွက် မူးဝေအော့အန်ကာ သတိလစ်သွားကြကြောင်း ရာဟက်က ပြောကြားသည်။

အဆိုပါအဖြစ်အပျက်သည် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ယူဆရကြောင်း၊ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယခုတိုက်ခိုက်ခံရခြင်းသည် တတိယအကြိမ်ဖြစ်ပြီး လွန်ခဲ့သောနှစ်ရက်ကျော်ကတစ်ကြိမ်၊ပြီးခဲ့သည့်လအစောပိုင်းကတစ်ကြိမ် တိုက်ခိုက်ခံခဲ့ရကြောင်း ရာဟက်က ပြောကြားသည်။ ***အင်တာနက်။***

အာဖဂန်နိုင်ငံ ကာပီဆာပြည်နယ်ရှိ အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရသောကျောင်းမှ ကျောင်းသူတစ်ဦးအား ဆေးရုံ၌ ဆေးဝါးကုသပေးနေသည်ကို မေ ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် Myanmar National League Cup(Grand Royal 2009) ဘောလုံးပြိုင်ပွဲ Score Board ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

● ကျောဖုံးမှ

ထို့နောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက Myanmar National League Cup ပြိုင်ပွဲ ဂုဏ်ပြုပန်းစည်းများကို နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် ညနေ ၄ နာရီတွင် Zayar Shwe Myay F.C အသင်းနှင့် Yangon United F.C အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင် Yangon United F.C အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး အကောင်းဆုံးဘောလုံးသမားဆုကို Yangon United F.C အသင်းမှ ကျောနံပါတ်(၁၄) မျိုးမင်းထွန်းက ရရှိသွားသည်။

မေ ၁၇ ရက်တွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ Southern Myanmar F.C အသင်းနှင့် Yadanabon United အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ နိုင်ငံတော်ဝန်ကြီးချုပ်မှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ည ၇ နာရီတွင် ရွှေလီရိပ်သာ၌ ခင်းကျင်းပြသထားသည့် ခေတ်မီစက်ကိရိယာဖြင့် ခြစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ်လုပ်မှုအဆင့်ဆင့်နှင့် စွန့်ပစ်အမှိုက်အမျိုးမျိုးကို လောင်စာအဖြစ် အသုံးပြုသည့် အဆင့်မြင့်မီးဖို လက်တွေ့သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးကြရာတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ခြစည်းရိုးကြက်ဆူဆီမှ ခေတ်မီစက်ကိရိယာဖြင့် ဇီဝဒီဇယ်ဆီထုတ်လုပ်ပုံအဆင့်ဆင့်နှင့် စွန့်ပစ်အမှိုက်အမျိုးမျိုးကို လောင်စာအဖြစ် အသုံးပြုသည့် အဆင့်မြင့်မီးဖိုနှင့်စပ်လျဉ်း၍ အသေးစိတ် လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလီရိပ်သာအတွင်းရှိ မြက်ခင်းပြင်၌ ဇီဝဘက်ထရီဖြင့် မီးထွန်းအလှဆင်ထားမှုကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ခြစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ SIMAR Co., Ltd. မှ Bio Smart Biodiesel Production Procedure ဖြင့် ထုတ်လုပ်ခြင်းဖြစ်ပြီး တစ်ကြိမ်လျှင် ၇ နာရီ မိနစ် ၃၀ ကြာပြီး ဇီဝဒီဇယ် လီတာ ၂၄၀ ထုတ်လုပ်နိုင်သည်။

ဇီဝဒီဇယ်ဆီကို ခြစည်းရိုးကြက်ဆူဆီကြွင်းအပြင်သုံးစွဲပြီး အကြော်ဆီအမျိုးမျိုး၊ ဆီကုန်ကြွင်းအမျိုးမျိုးမှ ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်ပြီး အဆိုပါဇီဝဒီဇယ်ဆီသည် လက်ရှိအသုံးပြုလျက်ရှိသောဒီဇယ်ဆီနှင့်အလားတူ မော်တော်ယာဉ်များတွင် တိုက်ရိုက်မောင်းနှင်နိုင်သည့် စံမီအရည်အသွေးရှိသည်။

စွန့်ပစ်အမှိုက်အမျိုးမျိုးကို လောင်စာအဖြစ်အသုံးပြုသည့် အဆင့်မြင့်မီးဖိုသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးသိန်းဝင်း(ရှမ်းနေဝင်းကုမ္ပဏီ)က သုတေသနပြုစတင်တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။ ၎င်းမီးဖိုသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုသက်သာခြင်း၊ အချိန်ကုန်သက်သာ၍ စီးပွားရေးအရ တွက်ခြေကိုက်ခြင်း၊ သဘာဝသစ်တောများ ပြုန်းတီးမှုမှ ကာကွယ်နိုင်ခြင်း၊ လောင်စာစွမ်းအင်ရှားပါးမှု ပြဿနာများကို လွယ်ကူစွာ ဖြေရှင်းနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့် ဖော့၊ ကော်၊ ပလတ်စတစ်အိတ်ခွံ အမှိုက်များစုပုံခြင်းဘေးမှ ကင်းဝေးခြင်း၊ မြို့တော်များတွင် အမှိုက်ကင်းစင်၍ သန့်ရှင်းသာယာလှပစေခြင်း၊ သဘာဝမြေဆီလွှာများ ပျက်စီးခြင်းမှ ကာကွယ်ပေးခြင်းစသည့် အကျိုးကျေးဇူးများရရှိစေသည်။

အဆင့်မြင့်မီးဖို၏ အားသာချက်မှာ ထွက်ရှိလာသော အပူစွမ်းအင်သည် အမြင့်ဆုံးအပူချိန် ၁၀၀၀ ဒီဂရီစင်တီဂရိတ်အထိရရှိစေပြီး ထွက်ရှိလာသောဓာတ်ငွေ့သည် အပူစွမ်းအင်များသာမက စက်အင်ဂျင်ကို လည်ပတ်စေကာ လျှပ်စစ်စွမ်းအင်အဖြစ်ပါ အသုံးပြုနိုင်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းသို့ လာရောက်၍ တွေ့ဆုံနှုတ်ဆက်ကာ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

(ယာပုံ)

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်ဦးနှင့် ရုံးအဖွဲ့မှူး ဦးအောင်နိုင်ဦးတို့တက်ရောက်ကြပြီး ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Md Golam Mostafa၊ စစ်သံမှူး Brig Gen, A.N.M Shawkat Jamal, ndc, psc နှင့် တာဝန်ရှိသူများလည်းတက်ရောက်ကြသည်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ဝန်ကြီး ဦးဉာဏ်ဝင်း ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒီပူမိုနီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၆

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ထူးချွန်ဆုရ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မေ ၅ ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ရာမညအားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်အောင်ဝင်းစိန်က အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်အောင်ဝင်းစိန်၊ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် သထုံခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးမိုးသင်တို့က စခန်းသာယာလှပရေးဆု၊ ကျင့်ဝတ်ရေးဖြေဆု၊ သင်တန်းထူးချွန်ဆု ရရှိကြသူ ၁၂ ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂူဂဲလ်ကုမ္ပဏီ၏ အင်တာနက် ဘတ်စ်ကား အိန္ဒိယနိုင်ငံအတွင်း ခရီးနှင်လျက်ရှိ

ဘင်္ဂလား မေ ၁၅

အိန္ဒိယနိုင်ငံတွင် လူငယ်များအနေဖြင့် အင်တာနက်သုံးစွဲမှု တိုးတက်လာစေရန်ရည်ရွယ်လျက် အမေရိကန်နိုင်ငံရှိ အင်တာနက် ဝန်ဆောင်လုပ်ငန်းထိပ်တန်းကုမ္ပဏီဖြစ်သော ဂူဂဲလ်ကုမ္ပဏီက ယင်းနိုင်ငံရှိ ကာနာတာကာပြည်နယ်၌ အွန်လိုင်းဘတ်စ်ကားတစ်စီးကို စေလွှတ်ထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်တာနက်ဘတ်စ်ကား (Internet bus)ဟု အမည်ပေးထားသော ကားတစ်စီးသည် မေ ၄ ရက်မှစ၍ ရက်ပေါင်း ၅၀ တိုင်တိုင် အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်ရှိမြို့ ၁၅ မြို့သို့ လှည့်လည်ကာ ခရီးနှင်လျက်ရှိကြောင်း ဂူဂဲလ်ကုမ္ပဏီ၏ အိန္ဒိယနိုင်ငံဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအကြီးအကဲ ပရာဆက်ရမ်က သတင်းထောက်များအား ပြောကြားသည်။

အဆိုပါအင်တာနက်ဘတ်စ်ကားသည် ကာနာတာကာပြည်နယ်၌ ခရီးမဆန့်မီ တမီလ်နာဒူးပြည်နယ်ရှိ မြို့ပေါင်း ၁၇ မြို့တွင် နှစ်လကြာမျှ ခရီးနှင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်ဘတ်စ်ကားစီမံကိန်းသည် အိန္ဒိယလူငယ်မောင်မယ်များအနေဖြင့် အင်တာနက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုတတ်လာစေရေးအတွက် ပညာပေးရန် ရည်ရွယ်ကြောင်း၊ ပညာရေးအတွက် အသုံးပြုရာတွင် အင်တာနက်သည် အရေးပါအရာရောက်ကြောင်း ပရာဆက်ရမ်က ပြောကြားသည်။

အင်တာနက်ဘတ်စ်ကား၏ နောက်ခန်းတွင် ရွှေ့ပြောင်းနိုင်သော ဆိုင်ဘာကဖေး တပ်ဆင်ထားပြီး လူငယ်များအနေဖြင့် ယင်းဘတ်စ်ယာဉ်ပေါ်တွင် အင်တာနက်ကြည့်ရှုခြင်းနှင့် လေ့လာခြင်းတို့ ပြုလုပ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ဘာသာပြန်-သတင်းလုလင်

အိန္ဒိယနိုင်ငံ ကာနာတာကာ ပြည်နယ်အတွင်း ခရီးနှင်လျက်ရှိသော အင်တာနက် ဘတ်စ်ကားကို တွေ့ရစဉ်။

ဗီယက်နမ် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr. Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးနှင့်အတူ ယမန်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွန့်၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော်ပျဉ်းမနား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးနှင့်အတူ နံနက် ၁၁နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ ကျောက်မျက်ပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှူး ဦးဇော်ဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောက်မျက်ပြတိုက်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့ကျောက်မျက်ရတနာ ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam သည် ပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးနှင့်အတူ ပုဂံညောင်ဦးမြို့၌ ချစ်ကြည်ရေးဆက်လက်လည်ပတ်ရန် မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်မှ ပုဂံညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွန့်၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော်ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အသင်းဝင်များက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ပကောက်ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ကျေးရွာပြည်သူများ စုပေါင်းတူးဖော်ထားသော သောက်သုံးရေကန်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် ကျေးရွာများမှပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မေ ၁၀ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် တော်ပြာကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ ဇီဝဘက်ထရီ အသုံးပြုပုံကို ရှင်းလင်းပြသပြီး ကျေးရွာပြည်သူများအတွက် ဆန်၊ ဆီနှင့် ပဲတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ပကောက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ ဇီဝဘက်ထရီ အသုံးပြုပုံကို ရှင်းလင်းပြသကာ ကျေးရွာပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာအတွင်း သန့်ရှင်းသောသောက်သုံးရေ ရရှိရန်အတွက် ကျေးရွာပြည်သူများ စုပေါင်းတူးဖော်ထားသော သောက်သုံးရေကန်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပီလခတ်ကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာမီးလင်းရေးအတွက် စီမံဆောင်ရွက်ပေးမည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ဇီဝဘက်ထရီအသုံးပြုပုံကို ရှင်းလင်းပြသ၍ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် တော်ခလူးကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မုန်တိုင်းဒဏ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ဇီဝဘက်ထရီ အသုံးပြုပုံကို ရှင်းလင်းပြသပြီး စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့ ဇီဝဘက်ထရီများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့က ဇီဝဘက်ထရီများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး ဇီဝဘက်ထရီ ထုတ်ယူအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်အောင်က ဇီဝဘက်ထရီ ၅၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဇီဝဘက်ထရီများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ စုစုပေါင်း ၇၄ခု အတွင်း၌ အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

(၁၆-၅-၂၀၀၉)
မင်းဘူး
၄၂ ဒီဂရီစင်တီဂရိတ်

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖု များ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက် ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၉ (တနင်္ဂနွေနေ့)

AM / PM

၅း၀၀ MRTV-4 အဖွင့် Logo
"ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း" မင်္ဂလသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ "တွေ့၊ မြင်၊ သိ တရားတော်" ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ
၆း၅၅ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ နှင့် ထီးတော်တင်ပွဲ
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **"ရှင်သန်လာသောနှလုံးသား"** (အပိုင်း-၃)
၈း၃၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉း၂၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားဆန်လှော်မှုန့်နှင့် ရှန်ဟိုင်း ပုစွန်)
၉း၃၀ Sports World
၁၀း၀၀ လေထုအရည်အသွေး (ဒေါက်တာသန်းထွဋ်-ဒေါက်တာမင်းသန်းညွန့်)
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၄၀ Activities In The City (Latacyd)
၁၁း၀၀ ဘဝများ(တေးသံရှင် Rဇာနည်ရဲ့ တေးသံရှင်ဘဝအကြောင်း)
၁၁း၃၀ ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel)
၁၂း၀၅ ဗီဒီယိုပြခန်း
၁၂း၃၀ Worlds Of Knowledge (မိုးကြိုးပစ်ခြင်း)
၁း၀၀ "တွေ့၊ မြင်၊ သိ"တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၁း၅၅ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ နှင့် ထီးတော်တင်ပွဲ
၂း၀၀ MRTV-4 သတင်း
၂း၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်-ကိုမြသိန်း)
၃း၁၀ ပြည်သူ့အတွက် (EMS)
၃း၂၀ ခေတ်မီအလှဆင် အိမ်ဒီဇိုင်းသွင်ပြင်
၃း၃၀ ဖန်တီးသူ၏ပညာစွမ်းမှသည် လှပသောဘဝများဆီသို့
၃း၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂတိုက်)
၄း၀၀ တေးဂီတအစီအစဉ်
၄း၁၀ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
၄း၃၅ ကြည်လင်အေးမြသောတာရာ အလင်းတန်းခေါ်ဆောင်ရာဆီသို့ (အပိုင်း-၂)
၅း၀၀ MRTV-4 ကာတွန်းအစီအစဉ်
၅း၃၀ Sports World
၆း၀၀ MRTV-4 သတင်း
၆း၁၅ Suday Talk (မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)
၇း၀၅ ဘဝများ (တေးသံရှင်-Rဇာနည်ရဲ့ တေးသံရှင်ဘဝအကြောင်း)
၇း၃၅ VJ Choice
၈း၀၀ MRTV-4 သတင်း
၈း၁၅ Activities In The City (Latacyd)
၈း၃၀ ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel)
၉း၀၅ Sports World
၉း၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ် Chelsea Vs Blackburn (Live)
၁၁း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **"ရှင်သန်လာသောနှလုံးသား"** (အပိုင်း-၃)
၁၁း၄၅ ပြည်သူ့အတွက် (EMS)
၁၁း၅၅ ခေတ်မီအလှဆင်အိမ်ဒီဇိုင်းသွင်ပြင်
၁၂း၀၅ VJ Choice
၁၂း၃၀ ကြည်လင်အေးမြသော တာရာ အလင်းတန်းခေါ် ဆောင်ရာဆီသို့ (အပိုင်း-၂)
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League 37 ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	West Brom-Liverpool	ESPN (Live)
၉း၂၅	Chelsea-Blackburn	ESPN (Live)

SERIE A 36 ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Juventus-Atalanta	5 Cartoons (Live)
၁း၀၀	Inter Milan-Siena	5 Cartoons (Live)

ကဏ္ဍသစ်များဖြင့် အသွင်တစ်မျိုးပြောင်းလဲထားသော ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅) အမှတ် (၁၈) ဖြန့်ချိ

ရန်ကုန် မေ ၁၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ် (၁၈)၌ ထူးခြားဆန်းပြားဖြစ်ရပ်များနှင့် ခရီးသွားမြင်ကွင်းဖတ်လိုသူများအတွက် ပျူခေတ်ဂဝံမြို့ဟောင်းကြီးတွင် ဆက်လက်လေ့လာစရာများ ကျန်ရှိနေသေး Myanmar Discovery ၊ ယဉ်ကျေးမှုအနုပညာနှင့် စာပေရသခံစားလိုသူများအတွက် ဆရာသာဂဒိုး၏ 'ညိုမြကွဲကျော်ငြိမ်းကွ' Myanmar Channel ၊ ခေတ်ပေါ်နည်းပညာနှင့် ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် 'Key Finder သုံး၍ Product Key များ ပြန်လည်ရှာဖွေနည်းနှင့် The God Father II ဂိမ်းသုံးသပ်ချက်' Tech View ကဏ္ဍသစ်များနှင့်အတူ ဘင်္ဂလားပင်လယ်အော်တွင် မေလအတွင်းဖြစ်ပေါ်သည့် မုန်တိုင်းများ အထူးသတိထားသင့်၊ ဓာတုဆိုးဆေးပါဝင်သည်ဟု ကြေညာထားသည့် လက်ဖက်နှင့် ငါးပိများကို ပြန်လည်စစ်ဆေးနေ၊ တံတားဆောက်ဖို့ ကုသိုလ်ယူ ရွှေမန်းသူတို့ ဆံပင်လှူ မွေး/ရေဘဏ်ခွဲများ ထပ်မံဖွင့်လှစ်ကာ လုပ်ငန်းရှင်များအား ချေးငွေထုတ်ပေးမည်၊ သုံးစွဲပြီးသက်တမ်းကုန်တစ်ခါသုံး ဖုန်းကတ်များ ကော်ကပ်ကာ ပြန်လည်ရောင်းချမှုများဖြစ်ပေါ် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ တစ်ပတ်စာအရသာသစ် 'ဆားငန်သီးဖျော်ရည်ချိုချဉ်အေး' 'ပျက်စီးဆုံးရှုံးရမှုတွေကို ကုစားပေးတာကတော့ အာမခံလုပ်ငန်းပါပဲ' မြန်မာ့အာမခံလုပ်ငန်းမှ ဒေါက်တာမောင်မောင်သိမ်းနှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါး၊ ရိုးရိုးသားသားစီးပွားရှာ၊ ကလိမ်စေ့ငြမ်းဆင်ပုံများ၊ ပို့ကုန် ကဏ္ဍကျဆင်းမှု၏ဆိုးကျိုးတစ်ခုကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို (စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော အဖေ့ဆီကအိပ်မက်များ (၂၃)၊ 'လူတိုင်းအတွက် တူညီတဲ့စည်းမျဉ်းအောက်မှာ သာတူညီမျှ အကျိုးခံစားခွင့်ရရှိရမှာဖြစ်တယ်' အင်ဒိုနီးရှားသမ္မတဟောင်း အဗ္ဗဒူရာမန်ဝါဟစ်နှင့် IPS တို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အီရန်အပေါ် ချမှတ်သည့် အမေရိကန်၏မူဝါဒအပေါ် သုံးသပ်ဆုံးဖြတ်ရန် စောလွန်း၊ အီဗရာဟင်လင်ကွန်းတွင် ရောဂါရှိ/မရှိ သိပ္ပံပညာရှင်တို့ စစ်ဆေးမည်၊ အမျိုးသားတစ်ဦးက ညီအစ်မနှစ်ဦးကို တိုက်ခိုက်၍ ရက်စက်စွာ ဓားဖြင့်ထိုးသတ် စသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ရွှေလီအမှတ်(၁) စီမံကိန်းသည် မြန်မာနှင့်တရုတ် အကျိုးတူ တည်ဆောက်ပြီးသော ပထမဆုံး စီမံကိန်းဖြစ် နှစ်နိုင်ငံချစ်ကြည်ရေးသာမက အကျိုးတူဆောင်ရွက်ရေးကိုပါ ဖော်ဆောင်ပေးလျက်ရှိသော စီမံကိန်းကြီးဖြစ်

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ရွှေလီ (၁)ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ရွှေလီမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ စတင်မြစ်ဖျားခံပြီး မြန်မာနိုင်ငံအတွင်း မူဆယ်မြို့နှင့် နမ့်ခမ်းမြို့များအနီးမှ ဖြတ်သန်းစီးဆင်းကာ နောက်ဆုံးတွင် ဧရာဝတီမြစ်အတွင်း စီးဝင်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုဖော်ဆောင်သော မြစ်တစ်ခုဖြစ်ကြောင်း၊ နယ်စပ်တစ်လျှောက် စီးဆင်းသည့်အတွက်လည်း နယ်ခြားမြစ်တစ်ခုအဖြစ် သတ်မှတ်ခေါ်ဝေါ်ကြကြောင်း။

ရွှေလီမြစ်တစ်လျှောက်တွင် အကြီးစားရေအားလျှပ်စစ်စီမံကိန်း သုံးခု တည်ဆောက်ရန် စီစဉ်ထားသည့်အနက် ယနေ့ ရွှေလီအမှတ်(၁) စီမံကိန်းသည် မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကျိုးတူပူးပေါင်းတည်ဆောက်ပြီးစီးသော ပထမဆုံးစီမံကိန်းဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကို ဖော်ညွှန်းသည့် ရွှေလီမြစ်ပေါ်၌ ရွှေလီ(၁)စီမံကိန်းသည် နှစ်နိုင်ငံ ချစ်ကြည်ရေးကိုသာမက နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိုပါ ဖော်ဆောင်ပေးလျက်ရှိသော စီမံကိန်းကြီးဖြစ်ကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် တရုတ်ပေါက်ဖော် မိတ်ဆွေများကိုလည်း ကျန်းမာချမ်းသာစေရန် မြန်မာပြည်သူများနှင့်အတူ နှုတ်ခွန်းဆက်မေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ရွှေလီရေအားလျှပ်စစ် စက်ရုံကြီးသည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာစေမည်ဖြစ်သည်ဟုလည်း မိမိအနေဖြင့် ယုံကြည်မိကြောင်းကို ထပ်မံပြောကြားလိုကြောင်း။

ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ရှိပြီး မြန်မာနိုင်ငံ၌ လောလောဆယ်အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မနားမနေ စီမံအားထုတ်မှုများအရ ရွှေလီစက်ရုံထက် ပိုမိုကြီးမားသည့် ရဲရွာရေအားလျှပ်စစ်စက်ရုံကြီးသည် နီးကပ်နေသော နှစ်ပိုင်းအတွင်းတွင် ပေါ်ထွက်လာဦးမည်ဖြစ်သကဲ့သို့ ရဲရွာစီမံကိန်းကြီးထက်ပင် ပိုမိုကြီးမားသည့် နိုင်ငံတော်၏ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းကြီးများသည်လည်း တစ်ခုပြီးတစ်ခု ဆက်တိုက်လိုလို ပေါ်ထွက်လာဦးမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရန် ခေတ်မီစက်မှုလုပ်ငန်းများ ခိုင်ခိုင်မာမာဖြစ်တည်ရန်အတွက် အမှန်တကယ် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို နိုင်နိုင်နင်းနင်း ထုတ်လုပ်ပေးရေးသည် နိုင်ငံတော်၏ ထိပ်ဆုံး ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း။

ပြီးခဲ့သည့်မတ်လအတွင်းက ရှမ်းပြည်နယ်အတွင်း၌ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသော ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်၏ အလယ်ပိုင်းတွင်ရှိသော လွိုင်လင်၊ နမ့်စန်၊ လင်းခေး၊ မိုးနဲ၊မောက်မယ်၊ ကျိုင်းတောင်းစသည့်မြို့များသည် လျှပ်စစ်မီးများဖြင့် အလင်းဆောင်နေပြီဖြစ်သကဲ့သို့ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုလည်း တစ်စိတ်တစ်ပိုင်း အထောက်အကူပြု ဖြည့်ဆည်းပေးနေပြီဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်မှ ယနေ့အထိဆိုလျှင် ဒေသသုံး ရေအားလျှပ်စစ်စက်ရုံများအပြင် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်ပြီး မဟာဓာတ်အားလိုင်းစနစ်အတွင်းတွင် အကျုံးဝင်သည့်ရေအားလျှပ်စစ်စက်ရုံပေါင်း ၁၃ ရုံ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်းပေါင်းမှာ ၃၅ခုရှိကြောင်း။

ယင်းစီမံကိန်းများသည် ရေအရင်းအမြစ်များပြားသည့် မြန်မာနိုင်ငံ၏ အဓိက မြစ်ဝှမ်းများဖြစ်သော ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းကြီးများနှင့် အခြားဒေသဆိုင်ရာ မြစ်ဝှမ်းငယ်များတွင် ဖြန့်ကြက်တည်ရှိခြင်းဖြစ်ကြောင်း၊ ရဲရွာစီမံကိန်း၊ ရွှေလီစီမံကိန်း၊ ဇော်ဂျီစီမံကိန်း၊ မုန်းချောင်းစီမံကိန်းစသည့် စီမံကိန်းများသည် ဧရာဝတီမြစ်ဝှမ်းတွင် အကျုံးဝင်သော စီမံကိန်းများပင်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခြေရှိသည့် ရေအရင်းအမြစ်များ၏ အခြေအနေအရ နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၃၄၀၀ ကျော် ထုတ်လုပ်နိုင်သည်ဟု ပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်းကို စိစစ်တွေ့ရှိရကြောင်း၊ ယနေ့အထိ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ရေအားလျှပ်စစ်စက်ရုံများက ထုတ်လုပ်နိုင်အားသည် မဂ္ဂါဝပ် ၁၄၀၀ ကျော်ရှိပြီး တည်ဆောက်ဆဲ စီမံကိန်း ၃၅ ခုက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၂၉၀၀ ကျော် ထုတ်လုပ်နိုင်အားရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် တည်ဆောက်ပြီးသည့် ရေအားလျှပ်စစ်စက်ရုံများ၏ စက်တပ်ဆင်အင်အားသည် တစ်နိုင်ငံလုံးတွင် ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်ဓာတ်အားပမာဏ၏ သုံးရာခိုင်နှုန်းကျော်သာရှိပြီး တည်ဆောက်ဆဲစီမံကိန်းများပြီးသွားလျှင် တစ်နိုင်ငံလုံး၏ ထုတ်လုပ်နိုင်သည့် ဓာတ်အား၏ ၇၉ ရာခိုင်နှုန်းခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံသည် လောလောဆယ်အခြေအနေအရလျှပ်စစ်ဓာတ်အား မလောက်မငဖြစ်နေသော နိုင်ငံအဖြစ်မှ လျှပ်စစ်ဓာတ်အား ဖူလုံသည့်အပြင် ပိုလျှံပြီး ပြည်ပသို့ ရောင်းချနိုင်သောနိုင်ငံအဖြစ် မဝေးကွာသည့် အနာဂတ်တွင် ပြောင်းလဲဖြစ်ပေါ်လာမှာသေချာလျက်ရှိကြောင်း။

အကြီးစားရေအားလျှပ်စစ် စီမံကိန်းများ၏ တည်ဆောက်ချိန်ကာလ ရှည်ကြာမှုနှင့် များပြားလှသည့် ရင်းနှီးမြှုပ်နှံမှုတို့အရ အချို့စီမံကိန်းများကို ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်အတတ်ပညာများဖြင့် တည်ဆောက်လျက်ရှိသကဲ့သို့ အချို့စီမံကိန်းများကိုလည်း အရင်းအနှီးတတ်နိုင်သော မိတ်ဆွေနိုင်ငံများနှင့် အကျိုးတူပူးပေါင်းတည်ဆောက်နေရခြင်းမျိုးလည်း ရှိကြောင်း။

ရေအားလျှပ်စစ်စီမံကိန်းတစ်ခုပြီးရန်အတွက် အချိန်ကာလပေးပြီး စောင့်ဆိုင်းရသည့်နည်းတူ စီမံကိန်းပြီးစီးသွားသောအခါ အဆိုပါဓာတ်အားစက်ရုံများက ထုတ်လုပ်ပေးလိုက်သည့် လျှပ်စစ်ဓာတ်အားများကိုသယ်ပို့ရမည့်မဟာဓာတ်အားလိုင်းကြီးများ၊ထိုမှတစ်ဆင့်သုံးစွဲသူများထံ ပေးပို့သည့် ဖြန့်ဖြူးရေးလိုင်းများနှင့် လိုအပ်သော ဓာတ်အားခွဲရုံအမျိုးမျိုးကို တိုးချဲ့တည်ဆောက်ရခြင်းများ၊အဟောင်းများကို ခေတ်နှင့်ညီအောင် ထပ်ဆင့်ပြုပြင် မွမ်းမံရခြင်းများသည်လည်း အဆင့်မြင့် နည်းပညာရပ်များနှင့်ယှဉ်ပြီး ရင်းနှီးလုပ်ကိုင်ရသည့် လုပ်ငန်းကြီးများဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း ပြည်သူများ၏ ပြောင်းလဲတိုးတက်လျက်ရှိသည့် လူနေမှုအဆင့်အတန်းအရရော၊ စက်မှုလုပ်ငန်းများ တိုးတက်များပြားလာမှုအရပါ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားလာလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ မြင့်မားလာသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီပြင်းပြင်းထန်ထန်ကြိုးပမ်း အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ယခင်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတစ်ခုတည်းရှိရာမှ ယခုဆိုလျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လျှပ်စစ်ဓာတ်အား သယ်ယူဖြန့်ဖြူးသောအမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဆိုပြီး ဝန်ကြီးဌာနနှစ်ခု ဖွဲ့စည်းတာဝန်ပေး၍ ဖိဖိစီးစီး ကြိုးပမ်းနေခြင်းဖြစ်ကြောင်း၊ လောလောဆယ်ကြုံတွေ့နေရသည့် မပြည့်စုံမှုများကို ပြည့်စုံအောင် ကြိုးပမ်းလုပ်ကိုင်ရာ၌ အခက်အခဲများကို ရုန်းကန်ကျော်လွှားရမြဲ ဖြစ်သော်လည်း အနာဂတ်နှင့်ယှဉ်ပြီး ပြောရမည်ဆိုလျှင် နိုင်ငံတော်၏ အနာဂတ်တွင် လျှပ်စစ်ဓာတ်အားများဖြင့် ထွန်းလင်းနေမှာသေချာနေပြီး "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ဆိုသော တစ်ချိန်တစ်ခါကကြွေးကြော်သံသည်လက်တွေ့သက်ဝင်အကောင်အထည် ပေါ်လာတော့မည်ဖြစ်ကြောင်း။

ယင်းကဲ့သို့အခြေအနေတွင် ပြည်သူများအပိုင်းက နိုင်ငံတော်အစိုးရ၏ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်ချက်များအပေါ် မှန်မှန်ကန်ကန်နားလည်တုံ့ပြန်ပြီး မိမိတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရင်း နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပိုမိုတိုးတက်၊ ပိုမိုခိုင်မာအောင် ဝိုင်းဝန်းကြိုးပမ်း အထောက်အကူပြုရန် လိုအပ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ရွှေလီဓာတ်အားစက်ရုံသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အပါအဝင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ တိုးမြှင့်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ရွှေလီသည် စိတ်ကူးယဉ်ထဲမှာရှိသည့် စီမံကိန်းမျိုးမဟုတ်ဘဲ လက်တွေ့ အကောင်အထည်ပေါ်နေပြီဖြစ်သောလျှပ်စစ်စက်ရုံကြီးအဖြစ် မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း။

ထိုနည်းတူစွာပင် ကျိုင်းတောင်းစီမံကိန်း၊ ပေါင်းလောင်းစီမံကိန်း၊ ရဲရွာစီမံကိန်း၊ မုန်းစီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်းစီမံကိန်းတို့သည် တစ်ချိန်တစ်ခါက စိတ်ကူးစိတ်သန်းအဆင့်သာ ဖြစ်ခဲ့ရာမှ ယနေ့ လက်တွေ့ကျကျ ရုပ်လုံးပေါ်လာနေပြီဖြစ်ကြောင်း၊ ယခုထက်ပိုမိုကြီးမားသည့် စီမံကိန်းများသည်လည်း တစ်ခုပြီးတစ်ခု ရုပ်လုံးပေါ်လာဦးမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် လျှပ်စစ်စွမ်းအားကဏ္ဍတွင် ပြည့်စုံလုံလောက်အောင် မဆုတ်မနစ် ကြိုးပမ်းနေသကဲ့သို့ ကျန်ကဏ္ဍများဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍတို့တွင်လည်း ပြုပြင်ထူထောင်စရာ ရှိသည်များကို ဦးတည်ချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘက်စုံကဏ္ဍစုံကို ပြုပြင်တည်ဆောက်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ ဒေသအားလုံးကိုလည်း မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

- **ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင်အင်အားမဂ္ဂါဝပ်၆၀၀ရှိပြီး မြန်မာနိုင်ငံ၌ လောလောဆယ် အကြီးဆုံးရေအားလျှပ်စစ်စက်ရုံဖြစ်။**
- **နိုင်ငံတော်အစိုးရ၏ မနားမနေ စီမံအားထုတ်မှုများအရ ရွှေလီစက်ရုံထက် ပိုမိုကြီးမားသည့် ရဲရွာရေအားလျှပ်စစ်စက်ရုံကြီးသည် နီးကပ်နေသော နှစ်ပိုင်းအတွင်းတွင် ပေါ်ထွက်လာဦးမည် ဖြစ်သကဲ့သို့ ရဲရွာစီမံကိန်းကြီးထက်ပင် ပိုမိုကြီးမားသည့်နိုင်ငံတော်၏ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းကြီးများသည်လည်း တစ်ခုပြီးတစ်ခု ဆက်တိုက်လိုလို ပေါ်ထွက်လာဦးမည်ဖြစ်။**
- **ခေတ်မီစက်မှုလုပ်ငန်းများ ခိုင်ခိုင်မာမာ ဖြစ်တည်ရန်အတွက် အမှန်တကယ် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို နိုင်နိုင်နင်းနင်း ထုတ်လုပ်ပေးရေးသည် နိုင်ငံတော်၏ ထိပ်ဆုံးဦးစားပေး လုပ်ငန်းဖြစ်။**

ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို အာမခံမည် ပြည်ထောင်စုကြီးအဖြစ် တလုံးတစည်းတည်းရပ်တည်မှုက နိုင်ငံတော်တိုးတက်ငြိမ်းချမ်းသာယာရေးကို ရေရှည်အကျိုးပြုမည်

❍ စာမျက်နှာ ၇ မှ

ထို့ကြောင့်လည်း ယနေ့ ရှမ်းပြည်သည် တစ်ချိန်တစ်ခါက သေနတ်သံ၊ ဗုံးသံများဖြင့် မတည်မငြိမ်သည့် ဒေသမျိုး မဟုတ်တော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် ရောက်နေသော တည်ငြိမ်အေးချမ်း စည်ပင်သည့် နယ်မြေဒေသဖြစ်နေပြီ ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ မြို့တော်တောင်ကြီးမြို့ တိုးတက် သာယာနေသကဲ့သို့ လားရှိုးမြို့နှင့် ကျိုင်းတုံမြို့တို့သည်လည်း အပြိုင်တိုးတက်စည်ပင်ဝပြောလျက်ရှိကြောင်း၊ မူဆယ်မြို့၊ လောက်ကိုင်မြို့၊ တာချီလိတ်မြို့၊ မိုင်းလားမြို့ စသည့် နယ်စပ်မြို့များသည်လည်း မြို့ကြီးပြကြီးများနှင့် အပြိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်မြင်ပင်ဖြစ်ကြောင်း၊ အထူးသဖြင့် လားရှိုးမြို့နှင့် မူဆယ်မြို့များသည် နယ်စပ်ဒေသ ကုန်သွယ်ရောင်းဝယ်မှု၏ အချက်အခြာဒေသများအဖြစ် ဖွံ့ဖြိုးစည်ပင်လျက်ရှိကြောင်း။

ထို့အတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မြေပြန့်အတွင်းပိုင်းဒေသတို့အကြား အပြန်အလှန်ကူးသန်းသွားလာ ကုန်စည်ပို့ဆောင်မှုများသည် လွယ်လင့်တကူ လုံခြုံ မြန်ဆန် သွက်လက်လျက်ရှိကြောင်း၊ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး နည်းတူ လားရှိုး - တန့်ယန်းလမ်း၊ လားရှိုး-လောက်ကိုင် လမ်းများသည်လည်း တိုးတက်ကောင်းမွန်ချောမွေ့နေပြီဖြစ်ကြောင်း။

အလားတူ လားရှိုးဒေသ၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများသည်လည်း များစွာတိုးတက်ပြောင်းလဲနေပြီဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဆင့်မြင့်ဆေးရုံများသည်လည်း ခံ့ညားထည်ဝါစွာ အစီအရီ ရပ်တည်လျက်ရှိကြောင်း။

တစ်ချိန်တစ်ခါက ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ဆန်စပါး အမာခံရိက္ခာ မဖူလုံသည့်အတွက် မြေပြန့်ဒေသမှ ဆန်ကို အားကိုးနေခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ ကိုယ့်ဒေသအတွင်း၌ ဆန်စပါးများ သိသိသာသာ တိုးတက်ထွက်ရှိလာသည့်အတွက် ဒေသတွင်း စားနပ်ရိက္ခာဖူလုံသော အနေအထားကို ပြောင်းလဲရောက်ရှိ တိုးတက်နေပြီ ဖြစ်ကြောင်း။

ယင်းကဲ့သို့ တိုးတက်ဖွံ့ဖြိုးမှုတို့သည် ရှမ်းပြည်နယ်၌သာမက အခြားပြည်နယ်/တိုင်းများတွင်ပါ မျက်ဝါးထင်ထင် မြင်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ ပြည်နယ်/တိုင်းအားလုံးသည် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်နေကြသည့်အတွက် ဒေသတစ်ခုနှင့်တစ်ခု အကြား ဆူကြုံနိမ့်မြင့် ကွာဟမှုများသည် လျော့နည်းသည်ထက် လျော့နည်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် တိုးတက်မြင့်မားလာလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းစီမံမှုများအတိုင်း လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ရှေ့အနာဂတ်တွင် ပြည်သူများ၏ လူနေမှု အဆင့်အတန်းသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို အာမခံမည် ဖြစ်ကြောင်း၊ ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးအဖြစ် တလုံးတစည်းတည်း ရပ်တည်မှုတို့ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းသာယာရေးကို ရေရှည်အကျိုးပြုမည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ ဒေသအသီးသီး ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးတို့အတွက် ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ အစီအမံများ ချမှတ်ပြီး မဆုတ်မနစ် ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ အားထုတ်ဆောင်ရွက်ကြသည်နှင့်အမျှ မျှော်မှန်းထားသော ယင်းအသီးအပွင့်များကို ပိုင်ပိုင်နိုင်နိုင် ရရှိခံစားကြရမည် ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍစုံတွင် လိုအပ်သော အခြေခံကောင်းများကို ပြည့်စုံလုနီးပါး တည်ဆောက် ထူထောင်ပြီးဖြစ်သည့် အတိုင်း၊ နိုင်ငံရေးပိုင်းအရ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များကို ချမှတ်ပြီး တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် အတည်ပြုခဲ့ပြီးသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲများ ကျင်းပမည့် ပဉ္စမအဆင့်ကို အကောင်အထည် ဖော်တော့မည်ဖြစ်ကြောင်း။

အသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များအတိုင်း ချောမွေ့အောင်မြင်စွာ ပြည့်စုံအောင် အကောင်အထည် ဖော်နိုင်ရန် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် အမွေခံကောင်း၊ အခြေခံကောင်းများဖြင့် ပြည့်စုံသည့်၊ စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကြီးကို တည်ဆောက် အကောင်အထည် ဖော်ခဲ့ကြသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သက်ဆိုင်ရာ တည်ဆောက်ရေးကုမ္ပဏီနှင့် ကျွမ်းကျင်သူအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းနှင့် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကြီးသည် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ရေရှည် အခိုင်အမာသက်သေပြနေမည် ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Member of the Leadership of Huaneng Group မှ Mr. Kou Wei က အမှာစကားပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံ ပြည်သူလူထုအကြား ချစ်ကြည်ရေး ထူထောင်နိုင်ခဲ့သည်မှာ အဓွန့်ရှည်ကြာခဲ့ပြီ ဖြစ်ကြောင်း၊ ၁၉၅၀ ပြည့်နှစ်မှ စတင်ခဲ့သော တရုတ်-မြန်မာချစ်ကြည်ရေးသည် ယနေ့အထိ တည်တံ့ရှည်ကြာလျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်း BOT ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ကြောင်း၊ ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လတ်တလော မြန်မာနိုင်ငံ၏အကြီးဆုံးရေအားလျှပ်စစ်စက်ရုံတစ်ခုလည်း ဖြစ်ကြောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုများကြောင့် လုပ်ငန်းအခက်အခဲများစွာကို အောင်မြင်စွာ ကျော်ဖြတ် နိုင်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် ဇူလိုင်လမှ ၂၀၀၉ ခုနှစ် ဧပြီလအထိ တိုတောင်းလှသည့် နှစ်နှစ်ကိုးလ အချိန်ကာလအတွင်း စက်ခြောက်လုံးကို အောင်မြင်စွာ လည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခဲ့ခြင်းဖြင့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုဖြစ်ထွန်းစေခဲ့ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကို နိုင်ငံတော်က တည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် တိုင်းရင်းသား ပြည်သူများကိုယ်စား ဒေသခံ ပလောင်တိုင်းရင်းသား ဦးဆန်ပူးက ကျေးဇူးတင်စကား ပြောကြားရာတွင် မိမိကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့က ဒေသခံ ပလောင်တိုင်းရင်းသား ဦးဆန်ပူးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကျေးဇူးတင်စကားပြောခွင့်ရသည့်အတွက် လွန်စွာ ဝမ်းသာပီတိဖြစ်ရပါကြောင်းကို ဦးစွာတင်ပြအပ်ပါကြောင်း။

ယနေ့သည် မိမိတို့ ဒေသသာမက နိုင်ငံတော်အတွက်ပါ လျှပ်စစ်စွမ်းအင် ကို အကြောင်းပြုပြီး လူနေမှုဘဝ မြင့်မားတိုးတက်လာတော့မည့် အတိတ်ကောင်း နိမိတ်ကောင်းများ ဆောင်ကျဉ်းလာသော နေ့ထူးနေ့မြတ်ဖြစ်ကြောင်း။

မိမိတို့ဒေသသည် နှစ်ပေါင်း ၄၀ ကျော် တည်ငြိမ်အေးချမ်းမှု မရှိသည့် အဖြစ်ကို ခံစားခဲ့ရကြောင်း၊ ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းမှု မရှိသည့်အတွက် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အဘက်ဘက်မှ နောက်ကျခဲ့ရသကဲ့သို့ အပြစ်မဲ့သည့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် အများအပြားလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ယခုအချိန်တွင် မိမိတို့ဒေသသည် တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝ ရရှိခံစားနေရပြီဖြစ်သည့်အတွက် ယခုကဲ့သို့ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ဆည်၊ တမံ၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ရရှိခံစားနေရပြီ ဖြစ်ပါကြောင်း၊ ယခင်ကကဲ့သို့ ကြီးလန့်စာစား ဘဝမျိုး မဟုတ်တော့ဘဲ အေးချမ်းစွာနေရပြီ ဖြစ်သည့်အတွက် အတိတ်ကကဲ့သို့ မတည်ငြိမ်သည့်ကာလကို ပြန်လည် မရောက်ရှိလိုတော့ပါကြောင်း၊ မိမိတို့၏ ဘိုးဘေးဘီဘင်များလက်ထက်က စပြီး ယခု ရွှေလီမြစ်ရေကနေ ပြည့်ဝမ်းစာအတွက် ကောက်နှံစပါး စိုက်ပျိုးမှုများ၊ ကူးလူးယှက်သွယ် ရောင်းဝယ်ဖောက်ကားမှုများကို မိမိတို့လက်ထက်အထိ ကြည်နူးဝမ်းသာစွာ လက်ခံရရှိခဲ့ပါကြောင်း၊ ယင်းရွှေလီမြစ်ရေကြည် ဖြတ်သန်းစီးဆင်းရာဒေသ ဝဲ၊ ယာ၌လည်း တစ်ဧက တင်း ၂၀၀ ကျော်ထွက်သည့် လယ်တောများက မျက်စိတစ်ဆုံးရှိနေကြောင်း၊ မကြာခင်ရက်ပိုင်း ကပင် မိမိတို့ဒေသ၌ ၂၂၂ စင်းမြောက် ရွှေလီမြစ်ကူးကြိုးတံတားကို မိမိတို့ တိုင်းရင်းသားများအားလုံး ပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ကြ ကြောင်း။

ယခုလည်း အလင်းဓာတ် တစ်နည်းအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် အကျိုးရှိစေမည့် လျှပ်စစ်စွမ်းအင်ကိုပါ ထုတ်ယူသုံးစွဲခွင့်ရရှိလာ၍ လူနေမှုအဆင့် မြင့်မားရုံမျှမက စက်ရုံအလုပ်ရုံကြီးများ၊ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဒေသတိုင်း၌ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ မှောင်မိုက်ညအမှောင်ဖုံးကာလများ ကုန်ဆုံးပြီး အလင်းဓာတ်များ ပြန့်ကျဲတောက်ပနေမည့် နေ့သစ်ကို ရောက်လာ၍ မိမိတို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ၏ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Member of theLeadership of Huaneng Group မှ Mr. Kou Wei ရွှေလီ(၁) ရေအား လျှပ် စစ်စက် ရုံ ဖွင့် ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

> ယခုအချိန်တွင် မိမိတို့ဒေသသည် တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝ ရရှိခံစားနေရပြီဖြစ်သည့်အတွက် ယခုကဲ့သို့ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်လာနိုင်ခဲ့။
>
> အခြားသောဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ဆည်၊ တမံ၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ရရှိခံစားနေရ။

(17-5)08.pmd 1 5/17/2009, 4:27 AM

ဲ့ရေးကို အာမခံမည်
ရရှည်အကျိုးပြုမည်

အားလုံး ဝမ်းသာဂုဏ်ယူလို့မဆုံးပါကြောင်း။

ယခင်ကာလများက မိမိတို့ဒေသ၌-

- ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်များနှင့်အတူ
- နမ်းမျှော်ရေအားလျှပ်စစ်
- နမ့်စောင်းဝေါင်း ရေအားလျှပ်စစ်

များဖြင့်သာ အလင်းရောင်ကို မျှဝေသုံးစွဲခဲ့ရကြောင်း၊ စက်ရုံကနေ လျှပ်စစ်မီးရပြီးချိန် မိမိဒေသ၌ ၂၄ နာရီ မီးအပြည့်အဝ သုံးစွဲလျက်ရှိနေပြီ ဖြစ်ကြောင်း၊ ပိုလျှံလျှပ်စစ်ဓာတ်အားများကိုလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မျှဝေသုံးစွဲနေကြပြီဖြစ်ကြောင်း၊ ထိုမျှမက ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် အားလုံးသုံးစွဲနိုင်အောင် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေကြောင်း သိရှိရသည့်အတွက် များစွာဝမ်းသာပီတိဖြစ် ရပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လျှပ်စစ်စွမ်းအင်များကို ပေးဆပ်နိုင်ပါတော့မည်ဖြစ်ပြီး လူနေမှုဘဝ တိုးတက်မြင့်မားရုံမက နိုင်ငံတော်၏ စက်မှုအတူ ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် Member of the Leadership of Huaneng Group မှ Mr. Kou Wei တို့က ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် Member of the Leadership of Huaneng Group မှ Mr. Kou Wei တို့ ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စက်ရုံဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး၌ တည်ရှိပြီး ရွှေလီမြစ်ပေါ်တွင် ရေထိန်းတမံတစ်ခု တည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကို သွယ်ယူကာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိ ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၀၂၂ ကို ဓာတ်အားကွန်ရက်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲပိုင်းတွင် လားရှိုးလေဆိပ် ဧည့်ခန်းမ၌ လားရှိုးမြို့မှ မြို့မိ မြို့ဖများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် တစ်ချိန်က လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော် အစိုးရအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရရှိအောင် အခိုင်အမာ တည်ဆောက်ခဲ့ရကြောင်း၊ ထိုသို့ တည်ဆောက်နိုင်ခဲ့၍ ယခုအခါ ဤဒေသတွင် တည်ငြိမ်အေးချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း စိတ်ကူးယဉ် အိပ်မက်ကို လက်တွေ့မြင်တွေ့ရသကဲ့သို့ များစွာတိုးတက် ကွာခြားပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသွားရန်မှာ ပြည်နယ်သူ၊ ပြည်နယ်သားတို့၏

ဤဒေသတွင် တည်ငြိမ်အေးချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း စိတ်ကူးယဉ် အိပ်မက်ကို လက်တွေ့မြင်တွေ့ရသကဲ့သို့ များစွာ တိုးတက်ကွာခြား ပြောင်းလဲသွားခဲ့ပြီဖြစ်။

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသွားရန်မှာ ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ အရေးကြီးဆုံး တာဝန်ပင်ဖြစ်။

လူနေမှုအဆင့် မြင့်မားရုံမျှမက စက်ရုံအလုပ်ရုံကြီးများ၊ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဒေသတိုင်း၌ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ မှောင်မိုက်ညအမှောင်ဖုံးကာလများ ကုန်ဆုံးပြီး အလင်းဓာတ်များ ပြန့်ကျဲတောက်ပနေမည့် နေ့သစ်ကို ရောက်လာ၍ မိမိတို့စွမ်းအားကို မြှင့်တင်နိုင်တော့မှာဖြစ်၍ များစွာကျေးဇူးကြီးမားလှကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသခံပြည်သူများအနေဖြင့် အနာဂတ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် သားစဉ်မြေးဆက် အေးချမ်းသာယာသော ဘဝအခြေအနေအဖြစ် တည်ဆောက်နိုင်အောင် နိုင်ငံတော်နှင့် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံ၏ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့အနီးရှိ ရွှေလီ(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေလီ(၁) ရေအား လျှပ် စစ်စက်ရုံကို နိုင်ငံတော်က တည်ဆောက် ဖွင့်လှစ် ပေး ခြင်းအတွက် တိုင်းရင်းသားပြည်သူများ ကိုယ်စား ဒေသခံပလောင်တိုင်း ရင်း သား ဦး ဆန် ပူး က ကျေး ဇူး တင် စကား ပြောကြားစဉ်။ (သတင်းစဉ်)

အရေးကြီးဆုံး တာဝန်ပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို တည်ဆောက်ပေးနေခြင်းဖြစ်ပြီး ထိုအခြေခံကောင်းများအပေါ် မူတည်၍ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဆက်စပ်အကောင်အထည်ဖော်သွားရမည် ဖြစ်ကြောင်း။

အသေးစိတ်မှာကြား

ထို့ကြောင့် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လျှောက်လှမ်းရမည့် ခရီးလမ်းဖြစ်သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် စသည်ဖြင့် အသေးစိတ်မှာကြားသည်။ (သတင်းစဉ်)

အိမ်ရှင်ရန်ကုန်ယူနိုက်တက် F.C ခြေစွမ်းပြဂိုးမိုးရွာ မြန်မာ့ဘောလုံးပရိုစနစ်ကူးပြောင်းခြင်းကို ပရိသတ်များ တစ်ခဲနက်ကြိုဆို

သတင်းနှင့်ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

အားပေး

ရန်ကုန်ယူနိုက်တက် F.C အား မြို့ခံ ပရိသတ်များအားပေးစဉ်။

မြန်မာ့ဘောလုံး ပရိုစနစ်သို့ကူးပြောင်းပြီး ပထမဦးဆုံးပြိုင်ပွဲအဖြစ်ကျင်းပသည့် MNL Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီမှ စ၍ သုဝဏ္ဏဘောလုံးကွင်း၌ စတင်ကျင်းပရာ ရန်ကုန်ယူနိုက်တက် F.C က ဇေယျာရွှေမြေ F.C ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အနိုင်သုံးမှတ်စတင်ရရှိသွားသည်။

ရန်ကုန်ယူနိုက်တက် F.C - လေးဂိုး
(ကြည်လင်း-နှစ်ဂိုး၊ မျိုးမင်းထွန်းနှင့် မက်ဆီပို တစ်ဂိုးစီ)
ဇေယျာရွှေမြေ F.C - ဂိုးမရှိ
အကောင်းဆုံးဆု မျိုးမင်းထွန်း(ရန်ကုန်ယူနိုက်တက်)
ဒိုင်လူကြီး ဦးဝင်းချို

ပြိုင်ပွဲအကြိုပြင်ဆင်မှု၊ ကစားသမားခေါ်ယူမှု၊ ပံ့ပိုးအားပေးမှု အပိုင်းများတွင် နှစ်သင်းစလုံး ကွာခြားမှုမရှိခဲ့သော်လည်း ယနေ့ပွဲတွင် ရန်ကုန်ယူနိုက်တက် F.C ၏ ခြေစွမ်းမှာ အကောင်းဆုံးပုံစံရှိခဲ့သလို ရန်ကုန်မြို့ခံပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကြောင့် ခြေစွမ်းပြ၍ ဇေယျာရွှေမြေ F.C ကိုခြေပြတ်၊ ဂိုးပြတ်အနိုင်ရကာ ပွဲဦးထွက်သုံးမှတ်ရရှိ သွားခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းကိုယ်စားပြုအသင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်F.C မှာ မြန်မာလိဂ်အဆင့်မြင့်တန်းမှ Air Bagan အသင်းကို အခြေခံထားသည့် အသင်းဖြစ်သလို အတွေ့အကြုံရှိသည့် လက်ရွေးစင်ကစားသမားများဖြစ်သော အောင်အောင်ဦး (ဂိုး)၊ မျိုးမင်းထွန်း၊ ဌေးအောင်၊ စိုးလင်းထွန်း၊ ကျော်သူရတို့ကို ထပ်မံအားဖြည့်ထားသောကြောင့် အသင်းမှာ ကစားကွက် ပိုမိုပြိုင်ဆိုင်ကာ ပွဲဦးထွက် မျက်နှာပန်းလှသွားခြင်း ဖြစ်သည်။

နာမည်ကြီးကစားသမားများဖြစ်သည့် မင်းသူ၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ စည်သူသန်း၊ ဇော်လင်းထွန်း-၁ တို့ပါဝင်လာသည့်ဇေယျာရွှေမြေF.C မှာ ယခုပွဲဦးထွက်ပွဲတွင် အကောင်းဆုံး ခြေစွမ်းခြေစ ထုတ်မပြနိုင်ခဲ့ဘဲ အမှားများခဲ့သောကြောင့် အဖွင့်မလှဖြစ်သွားခဲ့ရသည်။ လေ့ကျင့်ရေးကွင်းမှ ရရှိခဲ့သော တံကောက်ကြောဒဏ်ရာကြောင့် အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂ မပါဝင်နိုင်သောကြောင့် နောက်တန်းမှာ အားပျော့နေခဲ့ပြီး ရန်ကုန်ယူနိုက်တက်FC ၏ တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ခြင်း မရှိသည်ကိုတွေ့ရသည်။

ရန်ကုန်ယူနိုက်တက် F.C မှ မျိုးမင်းထွန်း ဇေယျာရွှေမြေ နောက်ခံလူများကို ကျော်ဖြတ်စဉ်။

မြန်မာ့ဘောလုံး ပရိုစနစ်သို့ကူးပြောင်းမည်ဆိုကတည်းက စိတ်ဝင်တစားကြိုဆိုခဲ့ကြသော မြန်မာဘောလုံးပရိသတ်များမှာ ယနေ့ဖွင့်ပွဲတွင် သုဝဏ္ဏကွင်း ကွင်းပြည့်ကွင်းလျှံတစ်ခဲနက် အားပေးခဲ့ကြပြီး ပွဲမှာလည်းမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲအစပိုင်းတွင် အပြန်အလှန်ရှိခဲ့သော်လည်း မိနစ် ၂၀နောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက် F.C က ပွဲကိုစိုးမိုးသွားခဲ့သည်။ ရန်ကုန်ယူနိုက်တက် F.C မှာ မျိုးမင်းထွန်းနှင့် ကြည်လင်းတို့၏ တောင်ပံနှစ်ဖက်ကို အားပြုထိုးဖောက်ခဲ့ပြီး နိုင်ဦးလွင်၊ ကျော်သူရ၊ မျိုးမင်းထွန်းနှင့် တင်ဝင်းအောင်တို့၏ ကန်သွင်းချက်များကို ဇေယျာရွှေမြေ F.C ဂိုးသမား ဇော်မိုးထက် လက်စွမ်းပြခဲ့၍ ပထမပိုင်းတွင်ဂိုးမရှိ သရေကျနေခြင်းဖြစ်သည်။

သောင်းဂဏန်းရှိသော မြို့ခံပရိသတ်များ၏ အားပေးမှုများကြောင့် ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက် F.C မှာ ပိုမိုခြေစွမ်းပြလာနိုင်ပြီး ဂိုးမိုးရွာသွားခဲ့သည်။ လာရောက်အားပေးသည့် ပရိသတ် ထောင်ဂဏန်းမျှသာရှိသော ဇေယျာရွှေမြေ F.C မှာပရိသတ်ပိုင်းတွင် အသာမရခဲ့သလို ဒုတိယပိုင်း တွင်လည်း ရန်ကုန်ယူနိုက်တက် F.C ကိုယှဉ်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ၄၆မိနစ်တွင် မျိုးမင်းထွန်းက ရန်ကုန်ယူနိုက်တက် F.Cအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ယင်းဂိုးမှာပွဲအဖြေ ဖြစ်သွားခဲ့သည်။ ဆက်တိုက်ဆိုသလို ရန်ကုန်ယူနိုက်တက် F.C ကဖိကစားလာပြီး ၇၁မိနစ် နှင့် ၈၄မိနစ်တွင် ကြည်လင်းက နှစ်ဂိုး၊ ၈၇မိနစ်တွင် ကင်မရွန်းလူမျိုး တိုက်စစ်မှူး မက်ဆီပိုက စတုတ္ထ(ပွဲသိမ်း)ဂိုးတို့ကိုသွင်းယူခဲ့သည်။ ဇေယျာရွှေမြေ F.C မှာဂိုးပြန်ရနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း ကျော်ဌေး ဦး၏ပယ်နယ်တီ ဘေးထွက်သွားခြင်း၊ အောင်မိုး၏အပိုင် ကန်ချက် ဘားတန်းထိထွက်သွားခြင်း၊ ရာဇာဝင်းသိန်း အခွင့်အရေးသုံးကြိမ်ကို အသုံးမချနိုင်ခဲ့ခြင်းတို့ကြောင့် နှစ်သိမ့်ဂိုးပင်မရခဲ့ပေ။

ပွဲအပြီးတွင် IBTC ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က အကောင်းဆုံးဘောလုံးသမားဆုရ မျိုးမင်းထွန်း (ရန်ကုန်ယူနိုက်တက်)အား Grand Royal မှချီးမြှင့်သည့် ဆုကြေးငွေ ကျပ် ငါးသိန်းကိုလည်းကောင်း၊ ကမ္ဘောဇဘောလုံးအသင်း C.E.O ဦးမိုးဆန်းအောင်က အနိုင်ရသွားသည့် ရန်ကုန်ယူနိုက်တက် F.Cအား ကမ္ဘောဇဘဏ် လီမိတက်မှ ချီးမြှင့်သည့် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အနိုင်ရရှိသွားသည့် ရန်ကုန်ယူနိုက်တက် F.Cအသင်း C.E.O ဦးစိုင်းခင်မောင်အေးနှင့် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းတို့က ကစားသမားများ၏ ကြိုးစားအားထုတ်မှုကြောင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုပွဲတွင် အကောင်းဆုံး ကစားပုံကို ထုတ်ပြကစားနိုင်ခဲ့ကြောင်း၊ ပထမပိုင်းကတည်းက ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း ဒုတိယပိုင်းကျမှ အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းမှာ Air Bagan F.Cကို အခြေခံထားသည့်အသင်းဖြစ်သလို အသစ်ခေါ်ယူထားသည့် ကစားသမားများမှာလည်း အသင်းနှင့် အထိုင်မြန်မြန်ကျအောင် ကစားနိုင်ခဲ့ကြောင်း၊ ပြည်ပကစားသမားသုံးဦး ခေါ်ထားသော်လည်း အသင်းနှင့် စုစည်းလေ့ကျင့်သည်မှာ ရက် အနည်းငယ်သာရှိသေး၍ တစ်ဦးကိုသာ အသုံးပြုခဲ့ကြောင်း။ ယခုပွဲအနိုင်ရရှိ၍ အသင်းပိုင်ရှင် ဦးတေဇက ငွေကျပ်သိန်း ၁၀၀နှင့် ဂျေဒိုးနတ်ပိုင်ရှင် ဦးအေးဝင်းက ငွေကျပ်သိန်း ၅၀တို့ ချီးမြှင့်ပါကြောင်း၊ နောက်ပွဲများတွင် နိုင်ပွဲများရအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဇေယျာရွှေမြေ F.Cနည်းပြချုပ် ဦးဉာဏ်ဝင်းက မိမိတို့အသင်း ထင်သလောက် ခြေစွမ်းမပြနိုင်ခဲ့ကြောင်း၊ ပေးလိုက်ရသည့် လေးဂိုးတွင် သုံးဂိုးမှာ မပေးသင့်ကြောင်း၊ ကစားသမားများ၏ အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ မိမိတို့အသင်း ရှုံးရခြင်းမှာ ကစားသမားများ၏ အာရုံစုစည်းမှု အားနည်းခြင်းကြောင့် ဖြစ်ကြောင်း၊ ယခုလိုဂိုးပြတ်ရှုံးရ၍ မိမိတို့ကိုအားပေးသည့် ပရိသတ်များအတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ လာမည့်ပွဲများတွင် အနိုင်ရအောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

သောင်းဂဏန်းရှိသော မြို့ခံပရိသတ်များ၏ အားပေးမှုများကြောင့် ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက် F.C မှာ ပိုမို ခြေစွမ်းပြနိုင်လာပြီး ဂိုးမိုးရွာသွားခဲ့။ လာရောက် အားပေးသည့် ပရိသတ် ထောင်ဂဏန်းမျှသာရှိသော ဇေယျာရွှေမြေ F.C မှာပရိသတ်ပိုင်းတွင် အသာမရခဲ့သလို ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက် F.C ကို ယှဉ်ကစားနိုင်ခြင်း မရှိခဲ့ပေ၊

ယနေ့ပွဲ
ညနေ ၄နာရီ
(သုဝဏ္ဏကွင်း)
Southern Myanmar F.C နှင့် ရတနာပုံ F.C

လူငယ်ကစားသမားများကို အားပြုထားသည့် Southern Myanmar နှင့် ပြည်ပကစားသမားများပါဝင်သည့် ရတနာပုံတို့ ယနေ့ ယှဉ်ပြိုင်ကြမည်

မြန်မာဘောလုံးပရိသတ်များ စိတ်ဝင်စားနေကြသည့် MNL Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အဖြစ်Southern Myanmar F.C နှင့် ရတနာပုံ F.C တို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဒုတိယပွဲစဉ်အဖြစ်ယှဉ်ပြိုင်ကစားကြမည့် နှစ်သင်းစလုံးမှာ ထူးခြားသော အချက်များကို ပိုင်ဆိုင်ထားကြသည့် အသင်းများဖြစ်သည်။ Southern Myanmar F.C မှာ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို ကိုယ်စားပြုထားသည့် အသင်းဖြစ်ပြီး လူငယ်လူရွယ်များဖြင့် အဓိကဖွဲ့စည်းထားသော အသင်းဖြစ်သည်။ ရတနာပုံ F.C မှာ ပြည်ပကစားသမားများ အများဆုံး ခေါ်ယူထားသည့် အသင်းဖြစ်ပြီး ပြိုင်ပွဲအကြိုအဖြစ် မန္တလေးမြို့တွင် သွားရောက် လေ့ကျင့်ထားသော အသင်းဖြစ်သည်။ အတွေ့အကြုံပိုင်းဆိုင်ရာ အားသာသည့် ရတနာပုံ F.C နှင့် လူငယ်ကစားသမားများ၏ ကြိုးစားမှု၊ စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်မည့် Southern Myanmar F.C တို့၏ အားပြိုင်ပွဲလည်းဖြစ်သည်။

Southern Myanmar F.C အုပ်ချုပ်သူ ဦးမြင့်ကြူး။

Southern Myanmar F.C အုပ်ချုပ်သူ ဦးမြင့်ကြူးက "မိမိတို့အသင်းမှာ လူငယ်၊ လူရွယ်များဖြင့် ဖွဲ့စည်းထား၍ အတွေ့အကြုံနုနယ်သော်လည်း အသင်းလိုက် စုစည်းမှုနှင့် ကြိုးစားအားထုတ်မှုကို အားရကျေနပ်ပါကြောင်း၊ အသင်းပိုင်ရှင်ကအသင်းကို လူငယ်၊ လူရွယ်များဖြင့် ဖွဲ့စည်းရန်၊ ယင်းကစားသမားများမှာ မြန်မာ့လက်ရွေးစင်များအဖြစ် ရွေးချယ်ခံရရန်၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ထိပ်တန်းစာရင်းဝင်ရန် ရည်မှန်းချက်ပေးထားကြောင်း၊ ယခု MNL Cup ပြိုင်ပွဲတွင် တစ်ပွဲနိုင်လျှင် တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ ချီးမြှင့်မည်ဟု ပြောထားကြောင်း၊ လူငယ်ကစားသမားများ မွေးထုတ်ရန်အတွက်လည်း မိမိတို့ ကိုယ်စားပြုထားသည့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်တို့၌ အသင်းမှ တာဝန်ယူကာ လူငယ်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဖွင့်ပွဲကန်ရမည့် ရတနာပုံ F.C မှာ အသင်းကောင်းဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ကလည်း အနိုင်ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ Southern Myanmar F.C မှာ ယနေ့တွင် အသင်းအားပေးမည့် ပရိသတ်များကို ဝင်ကြေးလက်မှတ် အခမဲ့ ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ရတနာပုံ F.C အုပ်ချုပ်သူ ဦးစိုးမိုးလှိုင်က"မိမိတို့မှာဘောလုံးလောကနှင့်စိမ်းခဲ့သော်လည်း နိုင်ငံတော် အကြီးအကဲများက တာဝန်ပေးအပ်လာသလို အမျိုးသားရေးလိုအပ်ချက်အရလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် လုပ်ဆောင်နေကြောင်း၊ အသင်းမှာ အသင်းလိုက် စုစည်းမှု အကောင်းဆုံးပုံစံရနေပြီဖြစ်သော်လည်း ပြိုင်ဘက်တိုင်းကို

ရတနာပုံ F.C အုပ်ချုပ်သူ ဦးစိုးမိုးလှိုင်။

အထင်မသေးပါကြောင်း။ ယနေ့ပွဲတွင် အသင်းကိုအားပေးနိုင်ရန် လက်မှတ် ၃၀၀၀ ဝယ်ထားကြောင်း၊ ပွဲဦးထွက် အနိုင်ရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မေ ၁၆

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို မေ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်းအား ကစားကွင်းအနီးရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် အသင်းသူ အသင်းသားများ၊ ရမည်း သင်းမြို့ ၌ နေထိုင်ခဲ့ဖူးသူများနှင့် စိတ်ပါ ဝင်စားသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြား ထားကြောင်း သိရှိရသည်။

(ကြေးမုံ)

ပရီမီယာလိဂ်ပွဲစဉ်မပြီးဆုံးသေးသော်လည်း မန်ယူ ချန်ပီယံဖြစ်ပြီ

မန်ချက်စတာ မေ ၁၆

ပရီမီယာလိဂ်ပွဲစဉ် (၃၇) အဖြစ် မန်ယူနှင့် အာဆင်နယ်တို့ အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပါတယ်။

ဒီနေ့ပွဲဟာ အိမ်ရှင်မန်ယူအတွက် အရေးကြီးတဲ့ပွဲစဉ်ဖြစ်သလို အနည်းဆုံးသရေ တစ်မှတ်ရခဲ့ရင် ပရီမီယာလိဂ်ချန်ပီယံဖြစ်တော့မယ့်မန်ယူဟာ လူစုံထုတ်ပွဲထွက်လာ ခဲ့ပါတယ်။ အာဆင်နယ်ကလည်း လူမစုံလို့အားနည်းနေတဲ့နောက်တန်းကို ဆောင်းနဲ့ ဖြည့်ပြီး ကွင်းလယ်မှာ ဖာဘရီဂက်စ်၊ နာဆရီဒီနယ်ဆင်တို့နဲ့ ပွဲထွက်လာကာ မန်ယူကို ယှဉ်ခဲ့ပါတယ်။

ဂိုးမသွင်းနိုင်

မန်ယူဟာပွဲစတာနဲ့ ဂိုးရရှိရေးကြိုးစားလာသလို အာဆင်နယ်ကလည်း ခံစစ်မ ကစားဘဲ ဗန်ပါစီနဲ့ အာရှာဗင်တို့ရဲ့ တိုက်စစ်အားနဲ့ မန်ယူဂိုးပေါက်ကို ခြိမ်းခြောက်ဖို့ ကြိုးစားလာခဲ့ပါတယ်။ ပွဲချိန် ၁၄ မိနစ်မှာ အာဆင်နယ်က ဗန်ပါစီ အပိုင်ခေါင်း တိုက်ဘော ဂိုးဘားတန်းကျော်ခဲ့သလို ၄၁ မိနစ်မှာမန်ယူက ဂစ်အပိုင်ကန်ခွင့် တစ်လုံးရခဲ့ပေမယ့် ဂိုးပေါက်လွဲချော်ခဲ့တာကြောင့် နှစ်သင်းလုံးဂိုးရရှိမယ့် အခွင့် အရေးတွေ ဆုံးရှုံးခဲ့ရပြီး ပထမပိုင်းမှာ ဂိုးမရှိသရေကျခဲ့ရပါတယ်။

| မန်ယူမှ စီရော်နယ်ဒို အာဆင်နယ်မှ ဆောင်းကို ကျော်ဖြတ်ရန်ကြိုးစား နေစဉ်။

အာဆင်နယ်ခြေသာ

ဒုတိယပိုင်းမှာ အိမ်ရှင်မန်ယူတို့ ခံစစ်အသွင်ပြောင်းပြီး ကစားလာတာကြောင့် အာဆင်နယ်ရဲ့ တရစပ်ဖိအားပေးတိုက်စစ်ဆင်ခြင်းကိုခံခဲ့ရပါတယ်။ အာဆင်နယ်ဟာ ဒုတိယပိုင်းမှာ ခြေအသာ၊ ကစားကွက်အသာနဲ့ ကစားလာနိုင်ပေမယ့် ဂိုးမသွင်း နိုင်တာကြောင့် ၆၉ မိနစ်အရောက်မှာ အာရှာဗင်အစားဝေါလ်ကော့နဲ့ နာဆရီအစား ဘန်တနာတို့ကို ထည့်သွင်းပြီး တိုက်စစ်မြှင့်ကစားလာခဲ့ပါတယ်။ဒါပေမဲ့ မန်ယူက တစ်သင်းလုံးပိတ်ကစားသွားတာကြောင့် ပွဲအပြီးမှာ ဂိုးမရှိသရေသာကျခဲ့ပါတယ်။

ပွဲအပြီးတွင် မန်ယူမှ ဂစ်၊ အန်ဒါဆန်နှင့် ဝိန်းရွှန်နေး တို့ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ကာအောင်ပွဲခံနေစဉ်။

ယခုပွဲတွင် အာဆင်နယ်မှ ဗန်ပါစီ၊ အာရှာဗင်နဲ့ ဆောင်းတို့အဝါကတ်ထိခဲ့ပါတယ်။

ချန်ပီယံဖြစ်

ပရီမီယာလိဂ်ပွဲစဉ်များပြီးဆုံးရန်တစ်ပွဲလိုနေသေးသော်လည်း မန်ယူအသင်းဟာ ယခုပွဲမှာ သရေတစ်မှတ်ရယူလိုက်နိုင်ခြင်းကြောင့် ပွဲစဉ်(၃၇)အပြီး ရမှတ် (၈၇)မှတ်၊ ရရှိကာ ပရီမီယာလိဂ်ချန်ပီယံဆုကို သုံးနှစ်ဆက်တိုက်ရယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ပါဝင်ကစား

အိမ်ရှင်မန်ယူတွင် ဂိုး-ဗန်ဒါဆား၊ နောက်တန်း-အီဗရာ၊ အီဗန်၊ ဗီဒစ်၊ အိုရှီးယား၊ အလယ်တန်း-ဂစ်၊စီရော်နယ်လ်ဒို၊ ကာရစ်၊ ဖလက်ချာ၊ ရှေ့တန်း- ဝိန်းရွှန်နေး(အန်ဒါဆန်)၊ တီဗက်ဇ်(ပက်ဂျီဆန်)တို့ ပါဝင်ကစားသွားခဲ့သလို ဧည့်သည် အာဆင်နယ်တွင် ဂိုး-ဖေဘီယန်စကီး၊ နောက်တန်း-ဆဂ္ဂနာ၊ တိုရေး၊ ဆောင်း၊ ကီရန်ဂတ်စ်(အီဘိုရေး)၊ အလယ်တန်း- ဖာဘရီဂက်စ်၊ ဒီနယ်ဆင်၊ နာဆရီ(ဘန်တနာ)၊ ဒီယာဘီ၊ရှေ့တန်း-အာရှာဗင်(ဝေါလ်ကော့)နဲ့ ဗန်ပါစီတို့ပါဝင်ကစားသွားခဲ့ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၃၇)ရလဒ်များ

မန်ယူ	၀-၀	အာဆင်နယ်
ဘော်လ်တန်	၁-၁	ဟူးလ်စီးတီး
အဲဗာတန်	၃-၁	ဝက်စ်ဟမ်း
မစ်ဒယ်ဘရော့	၁-၁	ဗီလာ
နယူးကာဆယ်	၀-၁	ဖူလ်ဟမ်
စတုတ်စီးတီး	၂-၀	ဝီဂန်
စပါး	၂-၁	မန်စီးတီး

ဝင်းတင် (ကြေးမုံ)

တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် မေ ၁၆

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း နှင့်ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့ တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်း တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းအောက် ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ် သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မအူပင်မြို့တွင် ၁ ဒသမ ၅၇လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ စစ်ကိုင်းမြို့တွင် သုည ဒသမ ၉၈ လက်မ၊ ကျိုင်းတုံမြို့ တွင် သုည ဒသမ ၉၀လက်မ၊ မန္တလေးမြို့တွင် သုည ဒသမ ၇၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၁၇ရက် ညနေထိ ခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက် လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၃ ဒသမ ၄ဒီဂရီစင်တီဂရိတ်	(၉၂ ဒီဂရီဖာရင်ဟိုက်)	၁၅-၅-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၃ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၇၃ ဒီဂရီဖာရင်ဟိုက်)	၁၆-၅-၂၀၀၉
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၇၁ ရာခိုင်နှုန်း	၁၆-၅-၂၀၀၉
နေပူသည့်နာရီပေါင်း	၄ ဒသမ သုညနာရီခန့်	၁၅-၅-၂၀၀၉

ဆရာဝန်အသင်း ဆေးပညာစာပေးစာယူသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)က ကြီးမှူး၍ အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် "Common Clinical Problems (2009)" စာပေးစာယူသင်တန်းကို ဇွန် ၈ရက်မှ ဩဂုတ် ၁၄ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များသည် လိုင်စင်ဓာတ်ပုံသုံးပုံဖြင့် ဇွန် ၈ ရက်မှ ၃၀ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၄၉)ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း- ၃၇၈၈၆၃၊၃၈၀၈၉၉ နှင့် ၃၉၄၁၄၁ တို့သို့ ဆက်သွယ်စာရင်းသွင်းပြီး သင်တန်းတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် Zayar Shwe Myay F.C အသင်းနှင့် Yangon United F.C အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည့် Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲ Score Board ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ကြည့်ရှုအားပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်နှင့် ကိုယ်စားလှယ်များ၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်တို့မှ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကလပ်အသင်းပိုင်ရှင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အထူး ဖိတ်ကြားထားသူများနှင့် ဘောလုံးဝါသနာရှင်များ ကွင်းပြည့်ကွင်းလျှံ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ညနေ ၃ နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အထူးတန်းစင်မြင့်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြိုင်ပွဲ Score Board ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အတွင်းရေးမှူး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ပြိုင်ပွဲဝင် ကလပ်အသင်းပိုင်ရှင်များက Myanmar National League Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ ရွှေလီရိပ်သာ၌ ခင်းကျင်းပြသထားသည့် ခေတ်မီစက်ကိရိယာဖြင့် ခြစ်ညည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေတ်မီစက်ဖြင့် ခြစ်ညည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်ပုံ အမှိုက်လောင်စာသုံး အဆင့်မြင့်မီးဖို သရုပ်ပြပွဲ ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် နေပြည်တော်မှ လားရှိုးမြို့သို့ တပ်မတော်အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ✳